ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့၊ (29-1-2008) (၅၅၇၇)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းလှပရေးနှင့် ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန်   ဇန်နဝါရီ   ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပစေရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၆ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် မေတ္တာလမ်း၌ အကျယ် လေးပေ စီရှိ ရေတံခါး နှစ်ပေါက်ဖြင့် ရေတံခါးပေါက် ချဲ့ထွင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လာမည့်မိုးကာလတွင် ရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းများကို စနစ်တကျ တွက်ချက်၍ သပ်ရပ်စွာ ဆောင်ရွက်ရေး၊ ဒီရေအတက်အကျပေါ်မူတည်ပြီး အခြားဆက်စပ်ဌာနများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုဝဏ္ဏ (၂၃)ရပ်ကွက်၌ ခေတ္တရေထိန်းလှောင်ကန် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဗိုလ်ချုပ်သာအေး ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ကြည့်ရှု ကျွန်းစုမြို့နယ် ကတန်ကျွန်းပတ်လမ်း ဖောက်လုပ်ထားမှု စစ်ဆေး

နေပြည်တော်   ဇန်နဝါရီ   ၂၈

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်း၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဇန်နဝါရီ ၂၆ ရက်တွင် တနင်္သာရီကမ်းရိုးတန်းရှိ ပုလဲကျွန်းနှင့် ဒိုမယ်ကျွန်းတို့၌ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများနှင့် ကတန်ကျွန်း ကျွန်းပတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ပုလဲကျွန်းရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ ပုလဲရတနာခန်းမ၌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးစိန်လွင်က မြန်မာ့ပုလဲ ထုတ်လုပ်မှု၏သမိုင်း၊ နှစ်အလိုက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ပုလဲကျွန်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉-၁-၂၀၀၈
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ထူထောင် တန်ဖိုးမြှင့်စားသောက်ကုန်များ တိုးတက်ထုတ်လုပ်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ရာ လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေး ကြိုးပမ်းနေသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် စက်မှုဇုန်များ တိုးတက်လာစေရန်အတွက် နိုင်ငံတော်က ငွေကြေးနှင့် ခေတ်မီစက်ကိရိယာ၊ ကျွမ်းကျင်မှုအကူအညီ၊ သံနှင့်သံထည်ပစ္စည်းများ သွန်းလောင်းခုတ်စားမှု ခေတ်မီ ကျွမ်းကျင်ရေး အကူအညီများ ပံ့ပိုးအားပေးလျက်ရှိသည်။ မန္တလေး၊ မုံရွာ၊ တောင်ကြီး အေးသာယာစက်မှုဇုန်တို့တွင် ကုမ္ပဏီများနှင့် တွဲဖက်လုပ်ကိုင်လျက်ရှိရာ ထုတ်လုပ်မှုများ တိုးတက်နေပြီဖြစ်သည်။

၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီး စက်မှုဇုန်တို့မှ ဂျစ်ကားအစီးနှစ်ထောင်ကျော်၊ မန္တလေး၊ တောင်ဒဂုံ (၂)စက်မှုဇုန်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်တို့မှ ထရပ်ကားအစီး သုံးထောင်ကျော်နှင့် ရေနံချောင်းနှင့် ပခုက္ကူစက်မှုဇုန်တို့မှ မော်တော်ဆိုင်ကယ်အစီး ကိုးထောင်ကျော် ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံများကို မန္တလေးတိုင်း အင်းကုန်းနှင့် ရန်ကုန်တိုင်း ရွာသာကြီးတို့တွင် ထူထောင်ထားရှိရာ လက်တွန်းထွန်စက်အမျိုးမျိုး၊ စပါးရိတ်စက်၊ ထွန်၊ ထည်နှင့် လယ်ယာသုံးစက်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

လယ်ယာထွက်ကုန်များကို စက်မှုကဏ္ဍနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းသယံဇာတ အခြေခံသည့် သွင်းကုန်အစားထိုး စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ ပြည်ပက တင်သွင်းလာသည့် စားသောက်ကုန်အများစုသည် ပြည်တွင်းထွက် သီးနှံကုန်ကြမ်းများကို အခြေခံ၍ ထုတ်လုပ်ထားခြင်းဖြစ်ရာ စက်မှုလုပ်ငန်းရှင်များက ယင်းသို့ အလားတူပစ္စည်းများ ကြိုးပမ်းထုတ်လုပ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ အဘက်ဘက်က အားပေးပံ့ပိုးမှုများနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စက်မှုဇုန်လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူအသီးသီးတို့က စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ထူထောင်ရေး၊ စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေး၊ စက်ရုံ၊ အလုပ်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

နေပြည်တော်ဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ဗဟိုစာတိုက်ကြီးသို့ ရောက်ရှိပြီး စာတိုက်ကြီးဝင်းအတွင်း မြေပြုပြင်ထိန်းသိမ်းမှုနှင့် သစ်ပင်ပန်းပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးသည် နေပြည်တော် ဗဟိုစာတိုက်ကြီးအတွင်း ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှု အခြေအနေများနှင့် စာရွေးစာပို့လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး ဆက်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် စက်ပစ္စည်းများ တပ်ဆင်ကိုင်တွယ်ထိန်းသိမ်းမှု အခြေအနေများကိုလည်းကောင်း၊ ဆက်သွယ်ရေးချိတ်ဆက်မှု တိုင်ကြားရေးဌာန (၁၀၆) ၌ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် မှတ်တမ်းစာရင်းဇယားများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် နေပြည်တော် ပျဉ်းမနားအော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် နေပြည်တော် အော်တိုအိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၂၀၀၇-၂၀၀၈ ပညာသင်နှစ် မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းပေါင်းစုံ စာပေနှင့်ပညာရေးလက်တွေ့ ဖွံ့ဖြိုးဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ ရက်က အထက(၁)ကျောင်းခန်းမတွင် ပြုလုပ်ရာ မြို့နယ်အဆင့် စာပေထူးချွန်ဆုရသူ အမက(၁၄) စတုတ္ထတန်း(စ)မှ မောင်ထူးအောင်လွင်အား အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင် ဆုချီးမြှင့်စဉ်။ (၃၂)

တာမွေကြီးပွားရေးဓမ္မာရုံ အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်လုံးဆိုင်ရာ တာမွေကြီးပွားရေးဓမ္မာရုံ၏ (၇၇)ကြိမ်မြောက်ဆွမ်းဒါနအောင်ပွဲအထိမ်းအမှတ် အထူးတရားပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဇန်နဝါရီ ၃၀ရက်(ဗုဒ္ဓဟူးနေ့)တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရိလင်္ကာရ(သီတဂူ ကြာတစ်ပွင့်)၊ ဇန်နဝါရီ၃၁ရက် (ကြာသပတေးနေ့) တွင် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ ဖေဖော်ဝါရီ ၁ရက်(စနေနေ့) ဆည်းဆာပွဲ၌ ကြာနီကန်ဆရာတော် အရှင်ရေဝတ၊ ညပွဲ၌ ဖြူးဆရာတော် အရှင်နရပတိတို့မှ တရားရေအေးတိုက်ကျွေးချီးမြှင့်မည်ဖြစ်ပါ၍ ညစဉ် ၇နာရီတွင် အမှတ် ၂၄ ၁၅၇လမ်း တာမွေမြို့နယ်ရှိ တာမွေကြီးပွားရေးဓမ္မာရုံ ဥပစာရှေ့သို့ တရားနာ ကြွရောက်နိုင်သည်။ (က-ပ)

တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ပင်လုံခန်းမတွင်ကျင်းပရာ ကျောင်းတွင်းပတ်လည် ထူးချွန် လေးနှစ်ဆက်တိုက် ပထမ၊ မြို့နယ်အဆင့် စာပေဘာသာစုံနှင့် ဘက်စုံထူးချွန် လေးနှစ်ဆက်တိုက်ပထမရရှိသူ န၀မတန်း(A)မှ မမေမြတ်နိုးဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုလှ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၈)

စစ်ကွင်းအထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) စစ်ကွင်း (အထက)၏ (၂၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌စစ်ကွင်းအထက ရွှေရတုခန်းမတွင် ကျင်းပမည်ဖြစ်၍ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ပူဇော်ပွဲအပြီး မိတ်ဆုံစားပွဲသို့ ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ကြွရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများသည် စစ်ကွင်းအသင်း(ရန်ကုန်)နှင့် ဆက်သွယ်၍ ဦးသောင်းရှိန် ဖုန်း-၅၈၁၀၄၁၊ ဦးခင်ကြွယ် ဖုန်း-၅၃၄၁၂၈၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၆၀၉၊ ဦးသန်းစိန် ဖုန်း-၅၄၈၇၀၁၊ ဦးဝင်းမောင် ဖုန်း-၅၂၅၀၄၀၊ ဦးတင်အောင် ဖုန်း-၇၀၆၈၀၂နှင့် ဦးတင်ဝင်း ဖုန်း-၅၂၅၁၈၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၁၀ ရပ်ကွက် သိမ်ဖြူလမ်းသွယ်နေ ဒေါ်ရီရီမြင့်၏ အသက် ၅၈ နှစ်ပြည့် မွေးနေ့အတွက် ကြေးပိဋကတ် သုတ္တန္တပိဋကဝင် ခုဒ္ဒကနိကာယ စူဠနိဒ္ဒေသပါဠိတော် ကြေးပြား ၅ချပ် တန်ဖိုးငွေကျပ် ၁၂၅၀၀၀ ကို လှူဒါန်းရာ ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

လသာမြို့နယ်အတွင်း ဝက်သက်ကာကွယ်ဆေးထိုး

ရန်ကုန် ဇန်နဝါရီ ၂၈

လသာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းဌေးဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၂၇ရက် နံနက် ၇နာရီကရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်အတွင်းရှိ အသက်ကိုးလမှ ငါးနှစ်အထိ ကလေးများအနက် ဝက်သက်ရောဂါ ကာကွယ်ဆေးတစ်ကြိမ်သာ ထိုးနှံပြီးသော ကလေးများနှင့် လုံးဝမထိုးရသေးသောကလေး စုစုပေါင်း ၂၈၈ဦးတို့အား ဒုတိယအကြိမ် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြကြောင်း သတင်းရရှိသည်။ (၄၁)

မော်တော်ယာဉ်မသုံးစွဲရနေ့ ကြပ်မတ်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၈

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ကော်မတီဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည့် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း၊ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာခြင်းရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာပဌာန်းပူဇော်ပွဲနှင့် စာအောင်သံဃာဆုနှင်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက် သိမ်ဖြူလမ်းရှိ ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက် ဓမ္မိကာရုံပါဠိတက္ကသိုလ်ကြီး၏ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလန္ဒကဦးစီးလျက် ရတနရုံသိမြတ်စေတီ ဗုဒ္ဓပူဇနိယပူဇော်ပွဲ၊ ပျံလွန်တော်မူသွားကြသော ဆရာတော်ကြီးသုံးပါးပူဇော်ပွဲ၊ မဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် စာအောင်သံဃာဆုနှင်းသဘင်ကို ကျင်းပမည်ဖြစ်သည်။

မဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်မှ ၂၁ရက်အထိလည်းကောင်း၊ စာအောင်သံဃာဆုနှင်းသဘင်ကို ဖေဖော်ဝါရီ ၂၁ ရက် (တပို့တွဲလပြည့်နေ့)တွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းသည် ဖုန်း–၃၈၅၀၇၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကောင်းသောစိတ်၏ စေရာ

စိတ်သည် အရာရာကိုဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် ကောင်းသောစိတ်အကြံဖြင့် ပြောသောစကား၊ ပြုလုပ်သောအလုပ်တို့ကြောင့် ထိုသူ၏နောက်သို့ (အရိပ်သည် အစဉ်လိုက်ဘိသကဲ့သို့) ချမ်းသာသုခသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ ၂)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❒ **ကျောဖုံးမှ**

ဂန့်ဂေါလမ်း–ဂန့်ဂေါမြို့နယ် အပိုင်းမိုင်တိုင်အမှတ်(၆၇/၀)မှ (၁၂၂/၀) အထိ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဂန့်ဂေါမြို့နယ် မြစ်သာ ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မြစ်သာရေလှောင်တမံစီမံကိန်း တည်ဆောက်ပြီးစီးပါက ဧရိယာဧက ၁၂၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၄၀နှင့် နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း၁၇၀ကိုလည်း ထုတ်လုပ်ပေးနိုင်မည့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုစီမံကိန်းတစ်ခုဖြစ်သည်။

တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ထီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ထီးလင်းမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းကြရန်နှင့် ခြံစည်းရိုးကြက်ဆူများကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း မှာကြားသည်။

ထီးလင်းမြို့နယ်တွင်မိုးစပါးလျာထား ၂၃၂၅၇ဧက၊ နွေစပါး ၁၆၀၅ဧကနှင့် ခြံစည်းရိုးကြက်ဆူဧက ၃၇၀၀စိုက်ပျိုးပြီးဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဆောမြို့နယ် ကျောက်ထုလေယာဉ်ကွင်းကို လည်းကောင်း၊ ထီးလင်း–ပခုက္ကူ ကားလမ်းဘေး (၀ဲ/ယာ)တွင် စိုက်ပျိုးထားသည့် မြေပဲ၊ မုန်ညှင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စိုက်ခင်းများနှင့် နွေစပါးစိုက်ပျိုးရန် လယ်မြေများ ထွန်ယက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

❍ **ကော်ဖီနှင့်ဖျော်ရည်မှ**

ကဖိန်းပါဝင်သော ဖျော်ရည်များကို သာမန်ကျန်းမာသူများ သောက်သုံးပါက သွေးတွင်းသကြားဓာတ်အခြေအနေမှာ ထူးခြားသည့်လက္ခဏာမရှိသော်လည်း ဆီးချိုရောဂါရှိသူများတွင် ကဖိန်းဓာတ်ကိုသောက်သုံးမိပါက ကိုယ်တွင်းသကြားဓာတ်သည် ၉ရာခိုင်နှုန်းမှ ၂၆ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်သည်။

သကြားဓာတ်မြင့်တက်

ကဖိန်းဓာတ်စားသုံးထားသော ဆီးချိုဝေဒနာသည် တစ်ဦး၏သွေးတွင်းသကြားဓာတ်ကို တိုင်းတာကြည့်ရာ နံနက်စာစားပြီးချိန်၌ သကြားဓာတ်ပါဝင်မှု ၉ရာခိုင်နှုန်း မြင့်တက်လာသည်ကိုတွေ့ရပြီး နေ့လယ်စာစားသုံးပြီးချိန်၌ သကြားဓာတ်ပါဝင်မှုသည် ၁၅ရာခိုင်နှုန်းမြင့်လာကာ ညစာစားပြီးချိန်တွင် သကြားဓာတ်ပါဝင်မှုမှာ ၂၆ရာခိုင်နှုန်းအထိပင် မြင့်တက်နေသည်ကို တွေ့ရသည်။

ထိုလေ့လာမှုကို ဂျူဒ်တက္ကသိုလ်ဆေးပညာဌာနမှ သုတေသီဆရာဝန်ဂျိမ်းစ်လိန်းနှင့်အဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုလေ့လာမှုတွင် အသုံးပြုထားသော နမူနာအရေအတွက်သည် ပမာဏနည်းပါးပြီး လေ့လာချိန်မှာလည်း တိုတောင်းသဖြင့် အတည်ပြုချက်ရရှိရန် ဆက်လက်လေ့လာမှုပြုလုပ်သွားရန် လိုအပ်နေသေးကြောင်း သုတေသီများက ယူဆကြသည်။

အင်တာနက်။

နေပြည်တော်တွင်ဆောက်လုပ်မည့် မြန်မာနိုင်ငံ ဆရာဝန်အသင်း အဆောက်အအုံအတွက် Zydus Cadila Health Care Limitedမှငွေကျပ် ၅၁သိန်းလှူဒါန်းမည်ဖြစ်ရာ ပထမအရစ်ငွေကျပ် ၂၁သိန်းကိုဇန်နဝါရီ ၂၄ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးကျော်မြင့်နိုင်ထံ ကုမ္ပဏီအထွေထွေမန်နေဂျာ မစ္စတာလာလစ်ရှားမားက ပေးအပ်လှူဒါန်းစဉ်။

(မြန်မာနိုင်ငံဆရာဝန်အသင်း)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၈

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိခဲ့ကြသော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၆ရက်တွင် ကရဝိက်နန်းတော်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ရွှေတံဆိပ်ရရှိသူတစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်း၊ ငွေတံဆိပ်ရရှိသူ တစ်ဦးလျှင် ကျပ်ငါးသောင်းနှုန်း၊ ကြေးတံဆိပ်ရရှိသူ တစ်ဦးလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်၁၀၉သိန်းလေးသောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ နာယကများဖြစ်ကြသော ဒေါ်တင်လတ်မင်း(အရှေ့တိုင်းစွမ်းအား အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်)မှ ငွေကျပ် ၁၀ သိန်း၊ ဒေါ်ခင်သန်းဝင်း(တာဝန်ခံနာယက)၊ သီရိသုဓမ္မသင်္ဂဟ ဒေါ်အေးအေးမော်(ခ)ဒေါ်ခင်ဆွေဦး(မြန်မာရွှေသရဖူကုမ္ပဏီ)၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂဟ ဒေါ်ခင်မြင့်မြင့် (အောင်အောင်အင်တာပရိုက်စ်လီမိတက်)နှင့် ဒေါက်တာသက်သက်ခိုင်(ရွှေနန်းတော်စိန်ရွှေရတနာဆိုင်)တို့မှ ငွေကျပ်သုံးသိန်းစီ၊ ဒေါ်ဥမ္မာလွင်(မင်းဇာနည်ကုမ္ပဏီ)မှ ငွေကျပ်နှစ်သိန်း၊ ဒေါ်အေးအေးမူ(ဘုန်းဟန်ကျော် ရတနာရွှေဆိုင်)နှင့် ဒေါ်မြင့်မြင့်ဆွေတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးကျော်စိန်နှင့် ဇနီး(ဂိုးလ်ဟိုတယ်)နှင့် ဦးဝင်းမြင့်(ဥက္ကဋ္ဌ၊ ရွှေနဂါးမင်းကုမ္ပဏီ)တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးစိုးမြင့်(အေရှားလိုက်)က ငွေကျပ်လေးသိန်း၊ ဦးကျော်ထွန်း(Sun Far Travels & Tours Co., Ltd.)နှင့် ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါလ်ဆေးဝါးထုတ်လုပ်ရေး)တို့က ငွေကျပ်သုံးသိန်းစီ၊ City Martက ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် ၅၆သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံးရယူပေးခဲ့သည့် မြန်မာ့လှေအားကစားအဖွဲ့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီးမိသားစုက ငွေကျပ်ငါးသိန်းကို ပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ တာဝန်ခံနာယကနှင့် နာယကအဖွဲ့ဝင်များကလည်း မိမိတို့သက်ဆိုင်ရာ အားကစားနည်းများသို့ ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်လှူဒါန်းခဲ့ရာ ဒေါ်မြင့်မြင့်အေးက ငွေကျပ်ငါးသိန်း၊ ဒေါ်ခင်မာအေးက ငွေကျပ်နှစ်သိန်း၊ ဒေါ်ဟေမာက ငွေကျပ်နှစ်သိန်း၊ ဒေါ်ကျင်ခိုင်၊ ဒေါ်စန်းစန်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါက်တာဒေါ်ရီရီထွေးနှင့် ဒေါ်တင်လတ်မင်းတို့က ငွေကျပ်ရှစ်သိန်း၊ ဒေါ်တင်တင်နွဲ့၊ ဒေါ်ခင်မြချစ်၊ ဒေါ်ဝေဝေနှင့် ဒေါ်စမ်းစမ်းဝေတို့က ငွေကျပ်လေးသိန်း၊ ဒေါ်ကြူကြူဝင်း၊ ဒေါ်တင်အုန်းမြင့်၊ ပါမောက္ခဒေါ်ခင်ညို၊ ဒေါ်ပွင့်မာခိုင်နှင့် ဒေါ်မြင့်မြင့်ဆွေတို့က ငွေကျပ်သုံးသိန်းငါးသောင်း၊ ဒေါ်နီလာသော်၊ ဒေါက်တာဒေါ်ဝေဝေသာ၊ ဒေါ်မာလာသိမ်းနှင့် ဒေါ်ခင်နွယ်နွယ်တို့က ငွေကျပ်သုံးသိန်း၊ ဒေါ်အေးအေးညွန့်(KSS မိသားစု)က ငွေကျပ်ငါးသိန်း၊ ဒေါက်တာပင်ဒိုရာအောင်ကြီး က ငွေကျပ်သုံးသိန်း၊ ဒေါ်ခင်လေး(Gold Power)က ငွေကျပ်နှစ်သိန်း၊ ဒေါ်မေသန်းထိုက်နှင့် သီရိသုဓမ္မသင်္ဂဟဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)က ငွေကျပ်တစ်သိန်းစီ အသီးသီးပေးအပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉–၁–၂၀၀၈ (အင်္ဂါနေ့)

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၇)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Let's Go.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅း၁၅ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅း၂၅ ၇။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၀ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေချစ်သက်တည်" (အပိုင်း–၁၉)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်"(အပိုင်း–၂၁)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ကင်ညာအနောက်ပိုင်းတွင် အဓိကရုဏ်းဖြစ်၊ ၂၇ ဦး သေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၂၇

ကင်ညာနိုင်ငံ အနောက်ပိုင်း နကူရူးမြို့တွင် ရန်ဘက်အုပ်စုနှစ်စုအကြား အပြန်အလှန် တိုက်ခိုက်ကြရာမှ အနည်းဆုံး ၂၇ဦး သေဆုံးသွားသည်။

သုံးရက်ရှိ

နကူရူးမြို့သည် ယခင်အခါက ငြိမ်းချမ်းအေးဆေးသောမြို့တစ်မြို့ဖြစ်ခဲ့သော်လည်း ယခုအခါဆူပူမှုများ ဖြစ်ပွားနေသည်မှာ သုံးရက်ရှိသွားပြီဖြစ်သည်။ ယင်းမငြိမ်မသက်မှုများကို ထိန်းသိမ်းရန်အတွက် ပထမဦးဆုံး အကြိမ်အဖြစ် စစ်ဘက်မှတပ်ဖွဲ့များကို ချထားခဲ့သည်။

ဒီဇင်ဘာလက ကျင်းပပြီးစီးသွားသည့် ရွေးကောက်ပွဲ၏ ရလဒ်ကို မကျေနပ်သဖြင့် အစိုးရကိုထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြား တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ကြခြင်းဖြစ်သည်။

ရမ်းကားသူလူအုပ်များသည် ပုဆိန်များ၊ အဆိပ်လူးမြားများဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည့်အပြင် ခဲများဖြင့် ပစ်ပေါက်ပြီး တုတ်များဖြင့်လည်း ရိုက်နှက်ကြသည်။ နွမ်းပါးသူများနေထိုင်ရာရပ်ကွက်များတွင် လူနေအိမ်များကို ဖျက်ဆီးကြသည်သာမက လူများကိုပါ မီးရှို့သည့် အဖြစ်များ ပေါ်ပေါက်ခဲ့ကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

တိုက်ခိုက်

လက်ရှိသမ္မတ မဝါကီဘာကီကို ထောက်ခံသူ ကီကူယူလူစုများနှင့် ဆန့်ကျင်ဘက်ခေါင်းဆောင် ရာလာအိုဒင်ဂါကိုထောက်ခံသူ လျူအိုနှင့်ကလန်ဂျင် လူအုပ်စုများ အကြားတိုက်ခိုက်ကြခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၇ရက်က ကျင်းပသော ရွေးကောက်ပွဲတွင် မဝါကီဘာကီက မဲလိမ်၍ အနိုင်ယူသွားသည်ဟု အိုဒင်ဂါက စွပ်စွဲပြီးနောက် နေရာဒေသအများအပြား၌ ဆူပူမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

ပါကစ္စတန်တပ်ဖွဲ့များ ဒါရာဒေသသို့ စစ်ဆင် စစ်သွေးကြွ အများအပြားသေဆုံး

ဒါရာအက်ဒမ်ခါးလ် ဇန်နဝါရီ ၂၇

ဟင်ဒူအဝေးပြေးလမ်းမကြီးပေါ်ရှိ မဟာမိတ်လိုဏ်ဂူအနီးတွင် စုရုံးနေကြသော စစ်သွေးကြွများကို ဇန်နဝါရီ ၂၆ ရက်က ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များက စစ်ဆင်တိုက်ခိုက်ရာ စစ်သွေးကြွ ၂၆ဦး သေဆုံးကြောင်း အထက်တန်းအရာရှိများက ပြောကြားသည်။ နှစ်ရက်ကြာ ဖြစ်ပွားနေသော တိုက်ပွဲအတွင်း စစ်သွေးကြွ စုစုပေါင်း ၅၉ဦး သေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးအသက်ဆုံးခဲ့သည်။

ဒါရာမြို့ဒေသတွင် လက်နက်ကြီးများ၊ ဒုံးကျည်များနှင့် အမြောက်တင်ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ကြသည်ဟုဆိုသည်။ ဒါရာဒေသသည် တရားမဝင်လက်နက်ပုန်းများထုတ်လုပ်ရာ အကြီးဆုံးစခန်း ဖြစ်သည်။ စစ်သွေးကြွများသည် တောင်ပိုင်းဝါဇီရစ္စတန်သို့ ပေးပို့သော စစ်ဘက် ထောက်ပံ့ရေး လက်နက်သယ်ယာဉ်တန်းကိုစီးနင်းမှုဖြစ်ပွားပြီးနောက်ပိုင်း လုံခြုံရေးတပ်ဖွဲ့များက ဒါရာအက်ဒမ်ခါးလ်ဒေသကို စစ်ဆင်တိုက်ခိုက်ခြင်းဖြစ်သည်။ **အင်တာနက်။**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် အကြမ်းဖက်ဆူပူမှု၌ ပါဝင်သူတစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးနေသည်ကို ဇန်နဝါရီ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၈ခုနှစ်တွင် အမေရိကန်၏ စီးပွားရေး ဆိုးရွားစွာ နှေးကွေးသွားနိုင်ဟု ခန့်မှန်း

ဒါးဗို့စ်(ဆွစ်ဇာလန်) ဇန်နဝါရီ ၂၇

ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့တွင် ဇန်နဝါရီ ၂၃ ရက်မှစ၍ ကမ္ဘာ့စီးပွားရေးဖိုရမ် အစည်းအဝေး ကျင်းပလျက် ရှိသည်။ ယခုနှစ်တွင် အမေရိကန်၌ စီးပွားရေးသည် ကပ်ဆိုးဆိုက်နိုင်ဦးမည် မဟုတ်သော်လည်း ဆိုးရွားစွာ နှေးကွေးသွားသည့် အခြေအနေနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း အစည်းအဝေးသို့ တက်ရောက်ကြသော နိုင်ငံရေးအသိုင်းအဝိုင်းများနှင့် စီးပွားရေးအသိုင်းအဝိုင်းများက ခန့်မှန်းကြသည်။

သတိပေး

အမေရိကန်နိုင်ငံ၏ အိမ်ရာမြေဈေးကွက်တွင် ဆိုးရွားသော ငွေကြေးအကျပ်အတည်းနှင့် ကြုံတွေ့ရသည်။ ထိုအကျပ်အတည်းသည် စီးပွားရေးလောကသို့ ဂယက်ရိုက်လာကာ အမေရိကန်၏ စီးပွားရေးကို ပျက်ကပ်ဆီသို့ပင် ဦးတည်သွားစေနိုင်သည်ဟု အချို့စီးပွားရေးပညာရှင်များက သတိပေးကြသည်။

စီးပွားရေးပျက်ကပ် ကျရောက်မည်၊ မရောက်မည်မှာ ကံသေကံမ မပြောနိုင်ပေ။ သို့သော် သေချာသည့်ကိစ္စမှာ အမေရိကန်၌ စီးပွားရေး အကြီးအကျယ်နှေးကွေးသွားမည့် အခြေအနေပင်ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)မှ ညွှန်ကြားရေးမှူး ဒိုမီနစ်စထရပ်ခန်းက ပြောကြားသည်။ **အင်တာနက်။**

တူရကီတွင် ရထားလမ်းချော်တိမ်းမှောက် ကိုးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရ

အန်ကာရာ(တူရကီ) ဇန်နဝါရီ ၂၇

တူရကီနိုင်ငံအလယ်ပိုင်းတွင် ဇန်နဝါရီ ၁၇ ရက်က လူစီးရထားတစ်စင်း လမ်းချော် တိမ်းမှောက်မှု ဖြစ်ပွားရာ အနည်းဆုံး ကိုးဦးသေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိသွားကြောင်း သက်ဆိုင်ရာများက ပြောကြားသည်။

ထိုရထားလမ်းချော်ရခြင်းမှာ အေးခဲနေသော ရထားသံလမ်းပေါ်တွင် နှင်းခဲများ ကပ်နေသည့်အတွက်ဖြစ်ရသည်ဟု ဆိုသည်။ ဤရထားမှောက်မှုပါနှင့်ဆိုလျှင် တူရကီနိုင်ငံ၌ လေးနှစ်မပြည့်မီအချိန်အတွင်း ဖြစ်ပွားသော ပဉ္စမ ရထားမတော်တဆမှုဖြစ်ကြောင်း သိရသည်။

အစ္စတန် ဘူလ်မှ နိုင်ငံတောင်ပိုင်း ဒီနစ်လီမြို့သို့ ပြေးဆွဲနေသောရထား၏ တွဲနှစ်တွဲ ကူတာယာမြို့အနီး တိမ်းမှောက်သွားသည်။ မတော်တဆမှု ဖြစ်ပွားချိန်၌ ရထားပေါ်၌ ခရီးသည် ၄၃၆ဦးလိုက်ပါလာကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဒဏ်ရာရသူ ၅၀ ရှိပြီး ငါးဦး၏ အခြေအနေမှာဆိုးရွားကြောင်း တူရကီရုပ်သံသတင်းတွင် ဖော်ပြသွားသည်။ ရထားလမ်းကွေ့နေရာရှိ ရထားသံလမ်းပေါ်တွင် ရေခဲများတင်နေသည့်အတွက် ရထားတိမ်းမှောက်ရခြင်း ဖြစ်သည်ဆိုသော အာဏာပိုင်များ၏ယူဆချက်ကို အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။ **အင်တာနက်။**

၂၀၀၈ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်ကျင်းပလျက်ရှိသည့် ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်းတောင်ပိုင်း၌ စစ်သွေးကြွနှစ်ဦးပစ်ခတ်၍ ကျောင်းဆရာတစ်ဦး သေဆုံး

ဗန်ကောက် ဇန်နဝါရီ ၂၇

ကျောင်းဆရာတစ်ဦးကို စစ်သွေးကြွများဟု ယူဆရသူများက ပစ်သတ်ခဲ့ကြောင်း၊ ၎င်းသည် ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်တွင် ဇန်နဝါရီ ၂၄ ရက် နံနက်က ကျောင်းသို့ ဆိုင်ကယ်ဖြင့် သွားနေစဉ် ပစ်သတ်ခံရကြောင်း ဗန်ကောက်ပို့စ်ဝက်ဘ်ဆိုက်၌ တင်ပြထားသည်။

ပတ္တနီပြည်နယ် ခို့စ်ပိုဒေသ၌ နံနက် ၈ နာရီက ဘန်ခိုတာကျောင်းမှ အသက် ၄၆ နှစ်ရှိ ကျောင်းဆရာတစ်ဦး ပစ်သတ်ခံရသည်ဟု ထိုဝက်ဘ်ဆိုက်၌ တင်ပြထားသည်။

စစ်သွေးကြွနှစ်ဦးသည် ၎င်းအားမပစ်ခတ်မီ နောက်ယောင်ခံလိုက်လာကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းကို ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ခဲ့သော်လည်း လမ်း၌ သေဆုံးခဲ့သည်။

စစ်သွေးကြွဟု သင်္ကာမကင်းဖြစ်သူတစ်ဦးကို ဖမ်းဆီးခဲ့ပြီး လက်နက်နှင့် ဆိုင်ကယ်ကိုလည်း ရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့သည်။ ထိုအမှုတွင် ပါဝင်ပတ်သက်သူ တစ်ဦးကိုလည်း ရဲတပ်ဖွဲ့က လိုက်လံရှာဖွေလျက်ရှိသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ဂိုင်ယာနာတွင် ပစ်ခတ်မှုကြောင့် ၁၁ဦး သေဆုံး

ဂျော့တောင်း ဇန်နဝါရီ ၂၈

ဂိုင်ယာနာနိုင်ငံ၌မငြိမ်မသက်မှုများ ပြင်းထန်လာလျက်ရှိရာ ဇန်နဝါရီ ၂၆ရက်အစောပိုင်းက ဂူယာနာရွာတွင် လက်နက်ကိုင်များ၏ ပစ်ခတ်မှုကြောင့် လူ၁၁ဦးသေဆုံးခဲ့ကြောင်း၊ ၎င်းတို့သည် နိုင်ငံ၏အလိုရှိဆုံးဂိုဏ်းမှ အဖွဲ့သားများဖြစ်မည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်ဂျော့တောင်းအရှေ့ပိုင်း၁၁မိုင်အကွာလူဆင်နန်ဒေသတွင် အကြမ်းဖက် ဂိုဏ်းခေါင်းဆောင်များသည် ဂူယာနာရွာ အရှေ့ဘက်ကမ်းတွင် ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သမ္မတ ဘာရက်ဂျာဒီအိုက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**



တူရကီနိုင်ငံအလယ်ပိုင်း ကူတာဟာမြို့အနီးတွင် တိမ်းမှောက်သွားသော အစ္စတန်ဘူလ်-ဒီနစ်လီရထားကို ဇန်နဝါရီ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

ဖလော်ရီဒါပြည်နယ်တွင်အနိုင်ရရှိရေး ရွမ်းနေးနှင့်မက်ကိန်း အပြိုင်ကြိုးစားလျက်ရှိ

စိန့်ပီတာစဘတ်(ဖလော်ရီဒါ) ဇန်နဝါရီ ၂၈

အမေရိကန်နိုင်ငံမှ ရီပတ်ဘလီကန်ပါတီ၏ အကြိုအခြေခံအဆင့် သမ္မတလောင်းရွေးပွဲများကို ဆက်လက်ပြုလုပ်လျက်ရှိရာ မကြာမီအချိန်တွင် ဖလော်ရီဒါပြည်နယ်၌ ဆက်လက်ကျင်းပသွားရန်ရှိသည်။

ထိုယှဉ်ပြိုင်ရွေးချယ်ပွဲတွင် ရီပတ်ဘလီကန်ပါတီ၏ အဓိကပြိုင်ဘက်များဖြစ်သည့် မစ်ရွမ်းနေးနှင့် ဂျွန်မက်ကိန်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ရွမ်းနေးက မိမိသည် အမေရိကန်ကို ပြောင်းလဲပေးမည့်သူဖြစ်ကြောင်း၊ ယိမ်းယိုင်နေသော အမေရိကန် ဝါရှင်တန်အစိုးရကို တည့်မတ်ပေးမည့်သူဖြစ်ကြောင်း ဖော်ညွှန်းကာ မဲဆွယ်တရားဟောလျက်ရှိသည်။

ဖလော်ရီဒါပြည်နယ်တွင် မက်ဆာချူးဆက်ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်ဟောင်း ရွမ်းနေးနှင့် အရီဇိုးနားပြည်နယ် ဆီးနိတ်အမတ် ဂျွန်မက်ကိန်းတို့အပေါ် လူကြိုက်များမှု အခြေအနေသည် မတိမ်းမယိမ်းဖြစ်လျက်ရှိကြောင်း လူထုသဘောထား လေ့လာချက်များက ဖော်ပြသည်။

သို့ဖြစ်၍ ယှဉ်ပြိုင်ဘက် ဆီးနိတ်နှစ်ဦးသည် ဖလော်ရီဒါတွင် အနိုင်ရရှိရေးအတွက် ပြင်းပြင်းထန်ထန် ကြိုးပမ်းလျက်ရှိကြသည်။

အမ်အင်အေ၊ရိုက်တာ။



ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းရွေးချယ်ပွဲ ယှဉ်ပြိုင်ကြမည့် မစ်ရွမ်းနေး (ဝဲ)**နှင့် ဂျွန်မက်ကိန်း**(ယာ)**။**

ထိုင်းပီပီပီခေါင်းဆောင် ဆာမက် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခြင်းခံရ

ဗန်ကောက် ဇန်နဝါရီ ၂၈

လတ်တလော အရွေးချယ်ခံထားရသည့် ထိုင်းအောက်လွှတ်တော်မှ ကိုယ်စားလှယ်များသို့တည်းမဟုတ် အမတ်များက ထိုင်းဝန်ကြီးချုပ်အဖြစ် ပြည်သူ့စွမ်းအားပါတီ (ပီပီပီ)ခေါင်းဆောင် ဆာမက်ဆန်ဒါရာဗီကို တနင်္လာနေ့က မဲပေးဆုံးဖြတ်ခဲ့ကြသည်။

အသက် (၇၂)နှစ်ရှိ ဆာမက်သည် နေရာ ၄၈၀ ရှိ အောက်လွှတ်တော်ရှိ ဝန်ကြီးချုပ်ရွေးချယ်ပွဲတွင် မဲ ၃၁၀ ရရှိခဲ့သည်။ ၎င်းနှင့် တစ်ဦးတည်းသောပြိုင်ဘက်ဖြစ်သူ အတိုက်အခံ ဒီမိုကရေစီပါတီမှ အသက် (၄၃)နှစ်ရှိ အက်ဟီဆစ် ဗီဂျင်ဂျီဗာမှာ ၁၆၃ မဲသာရရှိခဲ့သည်။

ပါလီမန်အမတ် ၄၇၇ဦးသည် မဲရွေးချယ်ပွဲတွင် ပါဝင်မဲဆန္ဒပေးခဲ့ကြသည်။ မဲပေးရာသို့ အမတ်တစ်ဦးမှာ လာရောက်ခြင်းမရှိဘဲ အမတ်သုံးဦးမှာ မဲမပေးဘဲနေခဲ့သည်။ ၎င်းတို့တွင် ဆာမက်၊အက်ဟီဆစ်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ ယွန်ယုသ်တို့ ပါဝင်ကြသည်။ ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်ရွေးချယ်ခံရမည့် ပါလီမန် အမတ်တစ်ဦးသည် အောက်လွှတ်တော်အမတ်၏ ငါးပုံတစ်ပုံကထောက်ခံရမည်ဖြစ်ပြီး အောက်လွှတ်တော်ရှိ အမတ်စုစုပေါင်း ထက်ဝက်က ထောက်ခံရမည်ဖြစ်သည်။

အင်တာနက်။

အီဂျစ်နှင့် ဂါဇာဒေသအကြား ပွင့်နေသော နယ်စပ်ကို အီဂျစ်က ပိတ်နိုင်ရန် ကြိုးစားလျက်ရှိ

ကိုင်ရို ဇန်နဝါရီ ၂၈

အီဂျစ်နိုင်ငံနှင့် ဂါဇာကမ်းမြောင်ဒေသတို့အကြား ပိုင်းခြားထားသော တံတိုင်းကြီးပြိုကျသွားပြီးနောက် အီဂျစ်နိုင်ငံအတွင်းသို့ ပါလက်စတိုင်းလူမျိုးများ အများအပြားဝင်ရောက်လာခဲ့သည်။ ထိုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် လိုအပ် သော အရေးယူမှုမှန်သမျှကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမတ်အဘူဂိတ်က ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

ဆွေးနွေး

အီဂျစ်နိုင်ငံသို့ ပါလက်စတိုင်းကြားဖြတ်အစိုးရ၏ ဝန်ကြီးချုပ် ဆလမ် ဖာရက်နှင့် ခေတ္တနိုင်ငံခြားရေး ဝန်ကြီး ရီယက်အယ်မာလီးကီးတို့ ရောက်ရှိနေကြသည်။ ၎င်းတို့နှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးတို့ ဆွေးနွေးကြပြီးနောက် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးရုံး ပြောရေးဆိုခွင့်ရှိသူ ဟော်ဆမ်ဇာကီက ပြောကြားသည်။

နယ်စပ်ဖြတ်ကျော်

ပါလက်စတိုင်း ဒေသအတွင်း တိုးတက်ဖြစ်ပေါ်မှုများနှင့် ဂါဇာဒေသတွင်းမှ ထောင်နှင့်ချီ၍ရှိသော ပါလက်စတိုင်းလူမျိုးများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မည့်ကိစ္စကို ထိုဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးကြောင်း သိရသည်။

အီဂျစ်နှင့် ဂါဇာကိုပိုင်းခြားထားသည့် တံတိုင်းအား ပါလက်စတိုင်းလူမျိုးများ ကျော်ဖြတ်နေကြသည်ကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီဂျစ်နိုင်ငံအနေဖြင့် ပါလက်စတိုင်းများကို ထောက်ခံအားပေးမည်ဖြစ်ကြောင်း၊ မည်သည့်အခါမျှ ထိုထောက်ခံအားပေးမှုကို လျော့ပါးသွားစေမည် မဟုတ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ထို့အပြင် ယခုကဲ့သို့ ပါလက်စတိုင်းနှင့် အီဂျစ်နိုင်ငံအကြား အခက်အခဲဖြစ်ရခြင်းမှာ အစ္စရေးတို့တွင် အဓိကတာဝန်ရှိကြောင်း အီဂျစ်နှင့် ပါလက်စတိုင်း ကိုယ်စားလှယ်များက သဘောတူညီခဲ့ကြသည်။

အရေးယူမှု

အီဂျစ်နှင့် ဂါဇာဒေသအကြား နယ်စပ်ဝင်ပေါက်သည် ယခုတိုင် ပွင့်နေသည်မှာ ငါးရက်ရှိသွားပြီဖြစ်သည်။ အီဂျစ် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ပွင့်နေသောနယ်စပ်ကို တားဆီးနိုင်ရန် လိုအပ်သော အရေးယူမှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ဘနွန်တွင် အဓိကရုဏ်းဖြစ်ပွား ခုနစ်ဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရ

ဘေရွတ် ဇန်နဝါရီ ၂၇

လက်ဘနွန်စစ်တပ်နှင့် ဆန္ဒပြသူများသည် ဘေရွတ်မြို့ ဆင်ခြေဖုံးဒေသတွင် တနင်္ဂနွေနေ့က အဓိကရုဏ်းဖြစ်ပွားခဲ့ရာ သေဆုံးသူခုနစ်ဦးရှိသွားပြီဖြစ်ကြောင်း အင်တာနက်သတင်းအရ သိရှိရသည်။

လက်ဘနွန် အတိုက်အခံပါတီများက ဆန္ဒပြခဲ့ကြစဉ် ဆန္ဒပြသူခုနစ်ဦး သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အတိုက်အခံပါတီမှ အမည်မဖော်လိုသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ စောစောပိုင်းသတင်းများအရ ဆန္ဒပြသူသုံးဦး သေဆုံးသည်ဟု သိရှိရပြီး ၎င်းတို့အနက် အတိုက်အခံပါတီဝင်နှစ်ဦးနှင့် ဟစ်ဇ်ဘိုလာမှ တစ်ဦးတို့ပါဝင်ကြပြီး အခြားလူ ၂၀ ဒဏ်ရာရရှိခဲ့ကြသည်။

ဆန္ဒပြသူများနှင့် လက်ဘနွန်စစ်တပ်အတွင်း ညှိနှိုင်းရေးကိစ္စဆောင်ရွက်နေသူတစ်ဦး ဟမ်ဇာဆိုသူသေဆုံးခဲ့သည်။ ၎င်းသေဆုံးမှုကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်မားလာခဲ့ပြီး လေဆိပ်လမ်းနှင့် အီလီယတ်ဒေသအထိ ပျံ့နှံ့သွားခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၄နာရီတွင် ဆန္ဒပြသူအချို့က မာမီခေးလမ်းမကြီးကို ပိတ်ဆို့ခဲ့ရာ စစ်တပ်က ဆန္ဒပြသူ လူအုပ်ကို လူစုခွဲခဲ့သည်ဟု စစ်တပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သေနတ်ဒဏ်ရာဖြင့် ဆန္ဒပြသူနှစ်ဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

ဂျော်ဒန်တွင် ဘတ်စ်ကားတိမ်းမှောက် ၂၁ ဦး သေ၊ ၃၀ ကျော် ဒဏ်ရာရ

အာမန် ဇန်နဝါရီ ၂၈

ဂျော်ဒန်နိုင်ငံ မြောက်ပိုင်းတွင် ဇန်နဝါရီ ၂၆ ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်ခဲ့သည့်အတွက် ၂၁ ဦး သေဆုံးသွားကြောင်း သတင်းဌာနများက ဖော်ပြသည်။

ကြေညာခဲ့

အဆိုပါ ယာဉ်မတော်တဆမှုတွင် အနည်းဆုံး ၃၃ဦး ဒဏ်ရာရရှိသွားသည်။ ယင်းတို့အနက် သုံးဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မိုဟာမတ် အယ်လ်ခါတစ်၏ ပြောကြားချက်ကို ကိုးကား၍ ပီထရာသတင်းဌာနက ကြေညာခဲ့သည်။

အခင်းဖြစ်ပွားသော ဘတ်စ်ကားသည် ဂျော်ဒန်ထရက် ပုဂ္ဂလိကကုမ္ပဏီပိုင်ဖြစ်ပြီး နိုင်ငံမြောက်ပိုင်းရှိ ဂျီဒါမြို့မှ အိုင်ဗစ်မြို့သို့ အသွားတွင် ရေသယ်သော ဘောက်ဆာကားနှင့် တိုက်မိပြီး လမ်းဘေးချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ၁၀၈ ပေ နက်သော ချောက်အတွင်း လိမ့်ဆင်းသွားပြီးနောက် မြေပြန့်အရောက်တွင် ပက်လက်လန်သွားသည်။

ထိုယာဉ်ပေါ်တွင် လိုက်ပါလာသူ အများစုမှာ ဂျော်ဒန်နိုင်ငံသားများဖြစ်ကြောင်း သိရသည်။ သို့သော် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ပါ၊ မပါ မသိရသေးချေ။ ယင်းကိစ္စကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

အင်တာနက်။

လက်ဘနွန်နိုင်ငံ ဘေရွတ်လေဆိပ် အနီးတွင် ဆူပူဆန္ဒပြသူများက ကားတာယာများအား မီးရှို့နေသည်ကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျော်ဒန်နိုင်ငံတောင်ပိုင်း ဂျီဒါနှင့် အိုင်ဗစ်အကြား ချောက်ထဲသို့ကျပြီး တိမ်းမှောက်သွားသော ဘတ်စ်ကားကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်

ကျော့မှူး သောင်းရွှေ

သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသည် သာသနာသက္ကရာဇ် ၂၄၁ခုနှစ်တွင် သထုံမင်း စူဠသိရီမာသောကမင်းကြီးက ဂေါတမရှင်တော်မြတ်ဘုရား၏ ဆံတော်ခြောက်ဆူ ဌာပနာ၍ ခေါလကရသေ့ကြီး သီတင်းသုံးနေထိုင်ရာ ဥတ္တရဂ်ကုန်း(ခေါ်) လှိုင်းပုတ်ကုန်းပေါ်တွင် တိုက်စေတီအဖြစ် တည်ထားကိုးကွယ်ခဲ့သည်။ ခေါလကရသေ့ကြီး အကြောင်းပြု၍ မူလတည်ခါစက ခေါလကစေတီဟူ၍လည်းကောင်း၊ နောက်လူတို့သည် ခေါက်စေတီဟူ၍လည်းကောင်း၊ ဟံသာဝတီတိုင်းသားတို့က ကျာခိုက်စေတီဟုလည်းကောင်း ခေါ်ခဲ့ကြရာမှ “ကျိုက်ခေါက်” စေတီဟု ခေါ်တွင်ခဲ့သည်။

စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်သော ကုန်းတော်မှာ မတ်စောက်သည့်အတွက် ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံစားခဲ့ရပေသည်။

သက္ကရာဇ် ၉၂၆ ခုနှစ်တွင် ကြီးစွာသော ငလျင်ဒဏ်ကြောင့် ဘုရင်မကြီးရှင်စောပု တည်ထားကိုးကွယ်သော စေတီတော်မြတ်ကြီးသည် ပန်းတင်ခုံပါမကျန် ပြိုကွဲပျက်စီးခဲ့လေသည်။ ထိုအချိန်တွင် သန်လျင်မြို့စားဘယဂါမဏိသည် စစ်ချီနေခိုက်ဖြစ်သဖြင့် ဝန်ကတော်ရှင်ငြိမ်းသည် တိုက်တော်မှ ထုတ်ပေးသောငွေဖြင့် သီဟိုဠ်မှရသော ဂေါတမရှင်တော်မြတ်ဘုရား၏ နဖူးသင်းကျစ်ရိုးတော်နှင့် ဓာတ်တော်မွေတော်များကို ထပ်မံဖြည့်တင်းဌာပနာကာ တိုက်စေတီတော်ကို ပြန်လည်တည်ထားကိုးကွယ်ခဲ့ကြောင်း သိရပါသည်။

သို့ပါ၍ သန်လျင်မြို့ သမိုင်းဝင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသည် ဂေါတမဘုရားရှင်၏ ဆံတော်ခြောက်ဆူ၊ နဖူးသင်းကျစ်ရိုးတော်နှင့် ဓာတ်တော်မွေတော်များ ကိန်းဝပ်စံပျော်တော်မူသော ရှေးဟောင်း သမိုင်းဝင်စေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်ပေသည်။

စေတီတော်မြတ်ကြီးမှာ သာသနာသက္ကရာဇ် ၂၄၁ ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့သည်ဖြစ်၍ နှစ်ပေါင်း နှစ်ထောင်ကျော် ကြာမြင့်ခဲ့ပြီး ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံစားခဲ့ရ၍ ပြုပြင်ခွင့်ကုသိုလ်ထူးရရှိခဲ့ကြသော မင်းနှင့်ပြည်သူတို့၏ ပြုပြင်မွမ်းမံခဲ့မှုကြောင့်သာ ဉာဏ်တော် ၁၂၃ တောင်မြင့်သော ဆံတော်ရှင်စေတီတော်မြတ်ကြီးကို ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်သပ္ပာယ်စွာ ယနေ့တိုင် ကြည်ညိုသဒ္ဓါပွားနိုင်ကြခြင်း ဖြစ်ပေသည်။

လက်ရှိ ဘုံကိုးဆင့်ရှိသော ထီးတော်အလှူရှင်မှာ ရန်ကုန်မြို့ လမ်း ၅၀ နေ မြေပိုင်ရှင်သူဌေး ဦးဘရှင်နှင့် သူဌေးကတော် ဒေါ်ခင်ညွန့် မိသားစုဖြစ်ပါသည်။

ဂေါပကအဖွဲ့ ဆောက်လုပ်ရေးကော်မတီသည် စေတီတော်မြတ်ကြီး၏ကုန်းတော်မှာ မြင့်မားမတ်စောက်သည့်အတွက် မြေပြိုမှုဒဏ်မှ ကင်းဝေးစေရန် မြေထိန်းနံရံများတည်ဆောက်ခြင်း၊ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်သော သာသနိကအဆောက်အအုံများအား အလှူရှင်များဖိတ်ခေါ်၍ အသစ်တစ်ဖန်တည်ဆောက်ခြင်း၊ မော်တော်ယာဉ် ရပ်နားကွင်းတည်ဆောက်ခြင်း၊ ယာဉ်သွားလာမှုလွယ်ကူစေရန် တောင်ဘက်လမ်း ဖောက်လုပ်ခြင်း၊ စေတီတော်မြတ်ကြီး၏ တောင်ဘက်ဝတ္တကမြေအတွင်း ဘုရားဈေးတည်ဆောက်ခြင်းစသည့် ဘက်စုံပြုပြင် တည်ဆောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပေသည်။

စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်မှာ မြင့်မားမတ်စောက်သည့်အတွက် ဘုရားဖူးသက်ကြီးရွယ်အို ရဟန်းသံဃာတော်များ တက်ရောက်ဖူးမြော်ကြည်ညိုရာတွင် ပင်ပန်းနွမ်းနယ်မှုမရှိဘဲ သက်သောင့်သက်သာစွာ တက်ရောက်ဖူးမြော်နိုင်ရန် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အများပြည်သူ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၁၅၀၀၀ အကုန်အကျခံ၍ အရှေ့ဘက်မုခ်ဦးအနီး၌ ၁၉၉၆ ခုနှစ်တွင် ဓာတ်လှေကားကြီးကို ဆောက်လုပ်ဖွင့်လှစ်ခဲ့ပါသည်။

ယခုအခါ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)ဦးဆောင်သော ဂေါပကအဖွဲ့ဝင်များသည် သက်ဆိုင်ရာ ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒများခံယူပြီး သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုကိုခံယူ၍ တာဝန်အသီးသီးခွဲဝေယူကာ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ရင်ပြင်ပေါ်ရှိ သာသနိကအဆောက်အအုံများမှာ သစ်လွင်ထည်ဝါနေသည့်အပြင် တပို့တွဲလ ဗုဒ္ဓပူဇနိယပွဲတော်ကြီး ပြီးတိုင်းပြီးတိုင်း ရွှေချငြိမ်းများဆင်မြန်း၍ နှစ်စဉ် မျက်ပါးရွှေဆိုင်းသင်္ကန်းများနှင့် ကိုးလက်မ ပတ်လည်ကြေးပြားရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့သည့်အတွက် ယခုအခါ စေတီတော်မြတ်ကြီးမှာ ရွှေရောင်တဝင်းဝင်းဖြင့် အထူးတင့်တယ်သပ္ပာယ်စွာ ဖူးမြော်ကြည်ညို နိုင်ကြပါသည်။

ပွဲတော်လာ ရဟန်းရှင်လူတို့ ဗုဒ္ဓပူဇာ၊ဓမ္မပူဇာသဘင်များကို ပါဝင်ပူဇော်နိုင်မည်ဖြစ်သကဲ့သို့ တစ်ဦးချင်းအနေဖြင့် တရားဘာဝနာများ ပွားများနိုင်ကြရန် နေရာထိုင်ခင်းများကိုလည်း စီစဉ်ထားရှိသည်။ စေတီတော်မြတ်ကြီးအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့ကို စိတ်ချမ်းမြေ့စွာ လှူဒါန်းနိုင်ကြစေရန် ရင်ပြင်ပေါ်တွင် အလှူခံမဏ္ဍပ်များကို ဖွင့်လှစ်ထားရှိသည်။

စေတီတော်မြတ်ကြီး၏ခြေတော်ရင်း အောက်ပွဲတော်ခင်းတွင် စားသောက်ဆိုင်တန်း၊ အထည်တန်း၊ လူသုံးကုန်ပစ္စည်းဆိုင်တန်း၊ သနပ်ခါးတန်း စသည်ဖြင့် ဆိုင်ခန်းပေါင်း ၁၅၇၀ ကျော်ကို ရောင်းကုန်အမျိုးအစားအလိုက် ခွဲခြမ်းသတ်မှတ်ကာ စနစ်တကျ နေရာချထားသည့်အတွက် ပွဲတော်လာ ပြည်သူတို့ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ကြပေသည်။ အထူးသဖြင့် ကျေးလက်နေ တောင်သူတို့သည် မိမိတို့ တစ်နှစ်တာလိုအပ်မည့် လူသုံးကုန်၊ လုပ်ငန်းသုံးကုန်ပစ္စည်းများကို အဆင်ပြေပြေ ဝယ်ယူစုဆောင်းနိုင်ကြပေသည်။

ယခု ၁၃၆၉ ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တပို့တွဲလဆန်း ၈ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ [၁၄-၂-၂၀၀၈ ရက်နေ့မှ ၂၂-၂-၂၀၀၈ရက်နေ့အထိ] ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ၊ နာရီ ၈၀ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ဆီမီးပူဇော်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် နာမည်ကြီးဇာတ်ပွဲကြီးများ အပြိုင်အဆိုင် ကပြဖျော်ဖြေဆင်နွှဲကြမည့်အပြင် အနောက်ဘက်စောင်းတန်းအနီးတွင် မြန်မာ့ခြင်းအလှခတ်ပွဲ၊ ရုပ်ရှင်၊ တုတ်ထိုး၊ မျက်လှည့်များ၊ ကြည့်ချင်ပွဲများနှင့် ဗလာပွဲအဖြစ် မြန်မာ့ရုပ်သေးကိုပါ ယခင်နှစ်များက ကဲ့သို့ ထည့်သွင်း ကပြဖျော်ဖြေတင်ဆက်သွားရန် စီစဉ်ထားကြောင်းသိရသည်။

လုံခြုံအေးချမ်းမှုရှိ၍ စည်းစနစ်ကျနသော ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်မှာ ကြက်ပျံမကျ အထူးစည်ကားသော ပွဲတော်ကြီးတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သန်လျင်မြို့အောင်ချမ်းသာရပ်ကွက်ရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီးအတွင်း ဆောက်လုပ်လျက် ရှိသော ဇေယျာသုခမင်္ဂလာဗိမာန်ကျောင်းတော်ကြီး၏ အပေါ်ထပ် ကြမ်းခင်းအားလုံးအတွက် ရွှေကျီးဦးသန်းထွန်းအားရည်စူး၍ ဇနီး ကျောင်းအမကြီး ဒေါ်ညိုညိုမိသားစု မဟာဗန္ဓုလလမ်း ရန်ကုန်မြို့က မြို့ဦးစက်ပစ်ကွင်း ကျောင်းတိုက်ကြီး၏ ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တတေဇထံ အလှူငွေကျပ် ၁၃၇ သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိုးညှင်းမြို့နယ် မြို့ပတ်လမ်းလေးလမ်းအဆင့်မြှင့်တင်

မိုးညှင်း ဇန်နဝါရီ ၁၀

နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော မြို့ပတ်လမ်း လေးလမ်းဖြစ်သည့် သမိန်ဗရမ်းလမ်း၊ မင်းရဲကျော်စွာလမ်း၊ မဟာဗန္ဓုလလမ်း၊ ဘုရင့်နောင်လမ်း ကတ္တရာထပ်ပိုးလွှာအဆင့်မြှင့်တင်ခင်းပြီး လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် ဗိုလ်မှူးကြီးခင်မောင်ချို၊ ဗိုလ်မှူးကြီးအေးမင်းသိန်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းတို့တက်ရောက်ကြသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် ရပ်မိရပ်ဖ တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာန်အောင်စေတီအနီး သုညတဓမ္မကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ မဂ္ဂဓမ္မလေးထပ်ကျောင်းဆောင် မတည်အလှူရှင် ဦးမောင်ထွန်းကျော်-ဒေါ်ပုလဲစိန်၊ သားသမီးမြေးတစ်စုက ဒုတိယအကြိမ် အလှူငွေကျပ် ခုနစ်သိန်းကို သုညတဓမ္မဆရာတော် ဦးစန္ဒသေနထံ လှူဒါန်းစဉ်။ (က-ပ)

အင်တာနက်နှင့်အီးမေးလ် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် (၃/၂၀၀၈) ကို ဖေဖော်ဝါရီ ၂၀ရက်မှစ၍ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်တန်းသူ၃၀သာလက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်း လျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်းအနောက်ဘက်တန်းတွင် ရယူ၍ ဖေဖော်ဝါရီ ၁၇ရက်နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၁၅	၈။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆:၃၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဒီလှိုင်းနှင့်အတူ” (အပိုင်း-၁၄)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်ချစ်သူရဲကောင်း” (အပိုင်း-၂၈)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းသဘင်အခမ်းအနားတွင် ငါးနှစ်ဆက်တိုက်ဘက်စုံထူးချွန်ပထမဆုရ မယွန်းမှုန်ဖူးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အုံးကျင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

သန်လျင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တပို့တွဲလ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ဦးဆောင်မှုဖြင့် စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၂ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ဆီမီးပူဇော်ပွဲ၊ ထမနဲထိုးပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ ဈေးပွဲတော်၊ ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားရန် ပွဲတော်ကျင်းပရေးကော်မတီမှ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာပြည်သူများ တည်းခိုနေထိုင်နိုင်ရေး စီစဉ်ထားရှိပြီး မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက မော်တော်ယာဉ်များ ကြို/ပို့ပေးမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးမှ အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကအဖွဲ့ ဖုန်း-၀၅၆-၂၁၁၄၃ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၇)

ရန်ကုန်တိုင်းမရမ်းကုန်းမြို့နယ် (၂) ရပ်ကွက်ရှိ သမိုင်းဝင်ပေါ်တော်မူ စေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်ရေးတွင် စက်ရေတွင်းတူးဖော်ရေးအတွက် (၂) ရပ်ကွက်နေ ကွယ်လွန်သူမိဘများ ဖြစ်ကြသည့် ဦးစိန်မြင့်-ဒေါ်မြတင် တို့အား ရည်စူး၍ သား သမီး မြေးတစ်စုကငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပက အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးစိုးနိုင်၊ ဦးကျော်အောင်၊ ဦးသန်းတင်နှင့် ဦးမြင့်အောင်တို့ လက်ခံယူစဉ်။ (က-ပ)

တွံတေး အရှင်ဣန္ဒက တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၅၁ ရပ်ကွက် မြဝတီမင်းကြီး ၁ လမ်း၊ သိရိမင်္ဂလာ မဟာစည်ရိပ်သာ ကျောင်းတိုက်ဆရာတော် တွံတေးအရှင်ဣန္ဒက (ဓမ္မကထိကဗဟုဇနဟိတရေ) သည် ဇန်နဝါရီ ၃၁ ရက်တွင် ဇလွန်ပြည်တော်ပြန်ဘုရား၊ ဖေဖော်ဝါရီ ၁ ရက်ည သရေခေတ္တရာလမ်း ပဋ္ဌာန်းအောင်ပွဲ တောင်ဥက္ကလာပ၊ ၂ ရက်ည ရန်ကင်းမြို့နယ် ဘောက်ထော်ဘူတာရုံလမ်း အနေးယာဉ်မိသားစု၊ ၃ ရက်မှ ၅ ရက်အထိ ညတွင် ကဒုံကနီကျေးရွာ ဘိုကလေးမြို့နယ် ဇရာဝတီတိုင်း၊ ၆ ရက် မွန်းလွဲ ၂ နာရီ သိရိမင်္ဂလာမဟာစည်ရိပ်သာ၊ ယင်းည ပိတောက်လမ်း ၄-ရပ်ကွက် မြောက်ဥက္ကလာပ၊ ၇ ရက်ညသိဒ္ဓိအောင်ကျောင်း ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၈ ရက်ည ၇ နာရီတွင် သိရိမင်္ဂလာ မဟာစည်ရိပ်သာနှင့် ယင်းည ၈ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်၊ ၉ ရက်နှင့် ၁၀ ရက်ညတွင် မုဒုံမြို့နယ်လုံးဆိုင်ရာ ကန်ကြီးတရားပွဲ၊ ၁၂ ရက်ည ဘုမ္မာလမ်း ၂၀၊ ည/ရပ်ကွက် မြောက်ဥက္ကလာပ၊ ၁၃ရက်ည အင်းစိန်ရွာမအရှေ့ သီရိစန္ဒာဓမ္မာရုံ၊ ၁၄ရက် မွန်းလွဲ ၂နာရီ သိရိမင်္ဂလာ မဟာစည်ရိပ်သာ မြောက်ဒဂုံ၊ ၁၅ ရက်ည ရန်ကြီးအောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲ ဃ-ရပ်ကွက် မြောက်ဥက္ကလာပ၊ ၁၆ရက်ည ၇ နာရီ နန္ဒဝန်ဈေးဓမ္မာရုံ တောင်ဥက္ကလာပနှင့် ယင်းည ၈နာရီခွဲတွင် မြစေတီ သာကေတ၊ ၁၇ရက်ည သရော်တောရွာ သုံးခွမြို့နယ်၊ ၁၈ရက်ည အုတ်တွင်းမြို့နယ် ပဲခူးတိုင်း၊ ၁၉ ရက်ည ကဇွန်းရွာ ညောင်တုန်းမြို့နယ် မြရတနာကျောင်းတိုက်၊ ၂၀ ရက်ည မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ရှင်ပြုအလှူ ဓမ္မသဘင်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

စင်ကာပူသမ္မတနိုင်ငံ အမျိုးသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံ ယဉ်ကျေးမှု အမွေအနှစ်များကို လာရောက်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၈

စင်ကာပူသမ္မတနိုင်ငံ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာတော်မီကို ဦးဆောင်သည့် အဖွဲ့ဝင် ၂၁ဦးပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း လိုက်ပါလျက် ဇန်နဝါရီ ၂၆ရက် နံနက် ၁၁နာရီတွင်ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂နာရီတွင် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)သို့ သွားရောက်လေ့လာရာ ပါမောက္ခချုပ် ဦးတင်စိုးနှင့် တာဝန်ရှိသူများက ကြိုဆို၍ ယဉ်ကျေးမှု တက္ကသိုလ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြသကြပြီး သင်ကြားရေးဆိုင်ရာ ဘာသာရပ်များနှင့် ပတ်သက်၍ သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဘုတ်အဖွဲ့မှ အရာရှိကြီးများသည် ညနေ ၃နာရီခွဲတွင် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာန၊ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့မှ အရာရှိကြီးများနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ ယဉ်ကျေးမှု ဖလှယ်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက စင်ကာပူသမ္မတနိုင်ငံ ယဉ်ကျေးမှုလေ့လာရေးကိုယ်စားလှယ်အဖွဲ့အား အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဥယျာဉ်စားသောက်ဆိုင်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ စင်ကာပူသမ္မတနိုင်ငံ ယဉ်ကျေးမှုလေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး အမျိုးသားပြတိုက်ကို လေ့လာကြည့်ရှုကြသည်။ ဇန်နဝါရီ ၂၃ ရက်တွင် မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်၊ ရွှေကျောင်း၊ အတုမရှိကျောင်း၊ ရွှေချည်ထိုးလုပ်ငန်း၊ ပိုးရာကျော်လွန်းချိတ်လုပ်ငန်းများကို လေ့လာကြည့်ရှုကာ မဟာမြတ်မုနိဘုရားကြီး၊ မန္တလေးတောင်များသို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။ ဇန်နဝါရီ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ပုဂံမြို့ရှိ အာနန္ဒာ၊ သဗ္ဗညု၊ ဓမ္မရံကြီး၊ ရွှေစည်းခုံစေတီတော် စသည့်ဘုရားပုထိုးများကိုဖူးမြော်ကြည်ညို၍ ပုဂံနန်းတော်ရာ တူးဖော်မှု၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ ယွန်းသိပ္ပံကျောင်းနှင့်ယွန်းထည်လုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။ ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၇ရက်တွင် ရန်ကုန်မြို့ရှိ ကျောက်မျက် ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ညနေပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာန၊ အမျိုးသားပြတိုက်နှင့်အမျိုးသားစာကြည့်တိုက်တို့မှ အရာရှိကြီးများနှင့် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာဘုတ်အဖွဲ့မှ အရာရှိကြီးများ နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်းနေ ဦးသိန်းဟန်-ဒေါ်မြရီ၊ သား သမီး မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သိန်း ၂၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးသိန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

သံဖြူဇရပ်မြို့နယ် ကရုပ်ပိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က ယင်းကျောင်းတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ရူပဗေဒဂုဏ်ထူးရှင် မောင်အောင်မြင့်သိန်းအား ဂုဏ်ပြုဆုနှင့် လက်ဆောင်ချီးမြှင့်စဉ်။ (ပညာရေး)

✳ ရှေ့ဖုံးမှ

အဆိုပါ ရေတံခါးပေါက်ကို မူလက သုံးပေခွဲ အကျယ်ရှိ ရေတံခါးပေါက် တစ်ပေါက်မှ ယခု အကျယ်လေးပေစီရှိ ရေတံခါးပေါက် နှစ်ပေါက်အဖြစ် တိုးချဲ့ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၃)ရပ်ကွက်၌ မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မိုးအခါ ရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ခေတ္တရေထိန်းသိမ်းထားနိုင်စေရန် စက်ယန္တရားကြီးများဖြင့် ခေတ္တရေထိန်းလှောင်ကန် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သုဝဏ္ဏ (၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်း၌ လေးပေပတ်လည် ရေတံခါးတစ်ပေါက် ထပ်မံတိုးချဲ့ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပေါ်ဆန်းမွှေးလမ်းတစ်လျှောက်၌ အရှည် ပေ ၇၀၀၊ အကျယ် ခြောက်ပေ ငါးလက်မနှင့် အနက် ငါးပေရှိ ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ယခု ပွင့်လင်းရာသီအတွင်း လုပ်ငန်းများပြီးစီးရေး၊ မြို့နယ်ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ကျန်းမာရေးနှင့် ညီညွတ်သည့် လူမှုပတ်ဝန်းကျင် ဖြစ်လာစေရေးအတွက် မြစ်ထွက်ပေါက် ရေနုတ်မြောင်းများ၊ ချောင်းများကို ရေစီးဆင်းမှု ကောင်းမွန်စေရန် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်းသို့ ရောက်ရှိပြီး ပြည်ထောင်စုလမ်းမှ မောင်းမကန်ကမ်းသာလမ်းအထိ ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းအရှည်ပေ ၅၆၀၀ ကျော်အနက် ပေ ၄၀၀၀ အထိ ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းပြီးစီးနေမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) လမ်းမကြီးတစ်လျှောက်၌ စက်ယန္တရားကြီးများဖြင့် ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းအရှည်ပေ ၂၄၀၀၀ အနက် ပေ ၇၃၀၀ အတွင်းအကျယ် ၂၄ ပေရှိ ကတ္တရာထပ်ပိုးလွှာခင်းကျင်းပြီးစီးမှု၊ လမ်းအရှည်ပေ ၁၇၀၀၀ အတွင်း အကျယ် ၁၂ ပေရှိ ကတ္တရာထပ်ပိုးလွှာခင်းကျင်းပြီးစီးမှု၊ ကျန်ရှိသော လုပ်ငန်းများကို သတ်မှတ်အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့သည် စီးပွားရေး အချက်အချာကျသည့် မြို့ဖြစ်၍ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ရန်ကုန်မြို့နေ ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော လူမှုပတ်ဝန်းကျင်ဖြစ်လာစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ်ကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်ရေး၊ ခရီးသွားလာမှု ချောမွေ့စေရေးအတွက် လမ်းများကောင်းမွန်စေရန် မျက်ခြည်မပြတ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

❁ ဗိုလ်ချုပ်သာအေးမှ

ပုလဲထုတ်လုပ်ရန် မုတ်ကောင်မွေးမြူခဲ့မှုနှင့် ပုလဲထုတ်လုပ်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးက ပုလဲကျွန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား ဆီနှင့် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ပြီး နိုင်ငံတော်ကချမှတ်ထားသော ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြကာ ဒေသဖွံ့ဖြိုးရေးအတွက် စေတနာထား ဆောင်ရွက်ကြရေးမှာကြား၍ မုတ်ကောင်သားဖောက်ခန်းနှင့် ဝတ်ဆံသွင်းခန်းမတို့၌ မုတ်ကောင်များအတွင်းမှ ပုလဲထုတ်ယူသန့်စင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ပုလဲကျွန်းရှိ နယ်မြေခံတပ်ရင်းမှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ ဆီနှင့် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ကာ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ပုလဲကျွန်းရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြ၍ ကျောင်းသား၊ ကျောင်းသူများက ကွန်ပျူတာဖြင့် ကျောင်းသင်ခန်းစာများ လေ့လာဆည်းပူးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဗိုလ်ချုပ်သာအေးက ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပုလဲကျွန်း ဇမ္ဗူသီရိကျောင်းတိုက်သို့သွားရောက်ကြပြီး ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကမ်းရိုးတန်းသွား အမြန်ရေယာဉ်ဖြင့် ထွက်ခွာကြပြီး ဘုတ်ပြင်းမြို့နယ် ဒိုမယ်ကျွန်းရှိ Myanmar Tasaki Co., Ltd. ၏ ပုလဲမွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး ကုမ္ပဏီက မွေးမြူထုတ်လုပ်ထားသည့် ပုလဲများ၏ အရည်အသွေးများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ မုတ်ကောင်သား ဖောက်ထုတ်လုပ်မှုများနှင့် ပင်လယ်ပြင် မုတ်ကောင်မွေးမြူရေးလုပ်ကွက်များကို ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲပိုင်းတွင် ကျွန်းစုမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် တနင်္သာရီရေတပ်စခန်းဌာနချုပ်၏ ဝက်မွေးမြူခြံနှင့် ဝက်မွေးမြူထားရှိမှု၊ ကျွန်းစုမြို့ ရေချိုရရှိရေးအတွက် ရေလှောင်တမံတည်ဆောက်မှု၊ ကျွန်းစုတပ်နယ်အတွင်း နှစ်ရှည်ပင်နှင့် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီခန်းမ၌ ကျွန်းစုတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ တပ်ရင်းတပ်ဖွဲ့အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံရာ ဗိုလ်ချုပ်သာအေးက ဆီအုန်းဇကောငါးသိန်းနှင့် ရော်ဘာဧကေ နှစ်သိန်းပြည့်မီရေး၊ ဒေသဝမ်းစာဖူလုံရေးအတွက် မိမိတို့မြို့နယ်က တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျွန်းစုမြို့နယ်ရှိ ကတန်ကျွန်း ကျွန်းပတ်လမ်း အရှည် ၄၄ မိုင် ၅ ဖာလုံ ဖောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ လမ်းတစ်လျှောက် ကျေးရွာများ၏ အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ကျွန်းပတ်လမ်းပေါ်ရှိ စလွန်အော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိကြရာ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သူရသက်ဆွေက ကျေးရွာအခြေခံပညာမူလတန်းကျောင်း အဆောက်အအုံပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်ပေးနေမှုအခြေအနေနှင့် ဆက်လက်ဖောက်လုပ်ရမည့် ကျွန်းပတ်လမ်းကို ကျောက်ချောနှင့် ကတ္တရာခင်းကျင်းရေးလုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးကာ မစန်းအော်ကျေးရွာအနီး စက်ယန္တရားများဖြင့် ကျောက်ချောလမ်း ခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျိုက်လတ်မြို့နယ် အမှတ် (၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဧရာဝတီတိုင်း၌ ကျောင်းဆောင်သစ်နှင့် လမ်းဖွင့်ပွဲများ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၂၇ ရက်တွင် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ချောင်းတွင်း(မြောက်) အမှတ်(၂၀) အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းဆောင်သစ် ထပ်မံဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းပြီး ကျောင်းဆောင်သစ်ထပ်မံဆောက်လုပ်ရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိ၍ အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျိုက်လတ်မြို့ အမှတ်(၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို တက်ရောက်အားပေးသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် ကျီးချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကာ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းတွင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၈

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက် (၈၀)နှင့်အထက် အသင်းဝင် ဘိုးဘွားများပူဇော်ပွဲ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီးများနှင့် နိုင်ငံတော်ကချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ ချင်းတွင်းနယ်သူ၊ နယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်(စနေနေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဘာဝနာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ သက်ပြည့်ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရ အသင်းဝင်များ၏ သားသမီးများ၊ ဆုရပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ပညာသင် ထောက်ပံ့ဆုအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလိုသော ချင်းတွင်းနယ်သူ၊ နယ်သား စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း-၂၅၂၀၄၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ ဗိုလ်မှူးကြီး ပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်မေစန်းတင် ဖုန်း-၂၄၆၂၃၁၊ အတွင်းရေးမှူး ဦးဝင်းငွေနှင့် ဦးညွန့်ဝေ ဖုန်း-၅၂၄၃၈၅၊ ၅၀၀၁၀၅၊ အသင်းတိုက်တည်ရှိရာ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ် ၂၇၊ အခန်း ၅၇ သို့ ဖေဖော်ဝါရီ ၂ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနှင့် အသင်းဝင်အားလုံးနှင့် အသင်းမဝင်ရသေးသည့် ချင်းတွင်းနယ်သားအားလုံးကို အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေ ထည့်ဝင်လိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ဖုန်း-၅၀၁၅၄၇ လိုင်းခွဲ ၂၀၂၊ ၂၀၅၊ ၂၀၆၊ ကိုစိုးလီ ဖုန်း-၀၉-၅၁၃၆၃၉၈၊ ကိုအုန်းဝမ် ဖုန်း-၅၂၆၀၉၆၊ ၅၂၆၁၇၃၊ ကိုအာသာ ဖုန်း-၂၀၂၀၄၆၊ မကက်သလင်းသိန်း ဖုန်း-၀၉-၅၀၂၆၄၇၀၊ မအေးမွန်(ခ) Alice ဖုန်း- ၀၉-၅၁၁၉၈၅၈၊ ကိုမြတ်သူဝင်း ဖုန်း- ၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅၊ ကိုထွန်းလင်း ဖုန်း-၀၉-၅၁၃၄၅၂၅၊ ကိုဇော်ဝင်း ဖုန်း-၆၆၇၇၉၀၊ ၀၉-၅၁၂၈၈၅၉ နှင့် ကိုအောင်နိုင်မိုး ဖုန်း- ၅၄၉၆၄၄၊ ၀၉-၅၀၂၀၄၇၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိသည်။

(က-ပ)

မဇ္ဈိမဂုဏ်ရည်ဆရာတော် ဓမ္မခရီးစဉ်များ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ မဟာစည်နယ်လှည့် ဓမ္မကထိက၊ သာသနတက္ကသီလဓမ္မာစရိယ၊ B.A, M.A, Ph.D (India) ဒေါက်တာ ဘဒ္ဒန္တကောဝိဒသည် ဖေဖော်ဝါရီ ၁၊ ၂၊ ၃ ရက်များတွင် သံဖြူဇရပ်မြို့ အထူးတရားပွဲ၊ ၄၊ ၅ ရက်တွင် ကျိုက်မရောမြို့ ဓမ္မသဘင်၊ ၆၊ ၇ ရက်များ တွင် ဘီလူးကျွန်းမြို့ ဓမ္မသဘင်၊ ၈ ရက် ညနေ ၆ နာရီခွဲတွင် အင်းတကော်မြို့ ဦးသိန်းရွှေ-ဒေါ်ကြူကြူမာ မိသားစု အထူးတရားပွဲ၊ ၉ ရက် ညနေ ၆ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် ရွှေကျင်ဆရာတော်ကြီး ပူဇော်ပွဲ၊ ည ၈ နာရီတွင် ကျောက်မြောင်း သူဌေးလမ်း၊ ၁၀ ရက် ညနေ ၆ နာရီခွဲတွင် (၃၇)လမ်းအထူးတရားပွဲ၊ ည ၈နာရီခွဲတွင် သာကေတမြို့နယ် ပိတောက်ရွှေဝါလမ်း အထူးတရားပွဲ၊ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် သာကေတမြို့နယ် မြစေတီအထူးတရားပွဲ၊ ည ၈ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဟူးဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲ၊ ၁၂ ရက်ညတွင် သုံးခွမြို့နယ် အထူးပွဲ၊ ၁၃ ရက် ညနေ ၆ နာရီတွင် လှိုင်မြို့နယ်(၂)ရပ်ကွက် ဦးစလမ်း၊ ည ၈ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေး၊ ၁၄ ရက် ည ၇ နာရီတွင် တောင်ညွန့်ကြီးဓမ္မာရုံ၊ ၈ နာရီခွဲတွင် ကျောက်မြောင်း ဓမ္မဝိဟာရလမ်း ဓမ္မသဘင်၊ ၁၅ ရက်တွင် နေပြည်တော်တပ်ကုန်း ဓမ္မသဘင်၊ ၁၆ရက်ညတွင် ရမည်းသင်းမြို့၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက် ညများတွင် မိတ္ထီလာမြို့ သာသနာ့ဗိမာန်၌ ဟောကြား၍ ၁၇၊ ၁၈ ရက် ညနေ ၆ နာရီတွင် မိတ္ထီလာမြို့ ကန်တောင်၊ ၁၉၊ ၂၀ ရက် ညနေ ၆ နာရီတွင် သပြေဝအထူးတရားပွဲ၊ ၂၁ ရက် ညတွင် လျှော်ပင်၊ ၂၂၊ ၂၃ ရက်တွင် ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာ အထူးပွဲ၊ ၂၄ ရက်ညတွင် ဝမ်းတွင်းမြို့နယ် ရွှေတောင်၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရက်များတွင် ဝမ်းတွင်းမြို့ မြတ်စောညီနောင်ဘုရား အထူးတရားပွဲများတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"လူမမာနဲ့တူစွာတို့သူငါ"တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
၈း၀၅-၂း၀၅	နည်းပညာသစ်ဆန်း MSP အစွမ်း
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	Sunday Talk
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	Activities In The City
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	၂၀၀၇ခုနှစ် တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲဂုဏ်ပြုဖျော်ဖြေပွဲ
၁၀း၂၀-၄း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅-၄း၂၅	ပေါင်းစုလို့နွဲပျော် နှစ်(၅၀)ပြည့်ရွှေရတုပွဲတော်
၁၀း၄၀-၄း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅-၄း၄၅	Biz Net
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ
၁၁း၁၅-၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	အရည်အသွေးထူးခြား DAEWOO လျှပ်စစ်ပစ္စည်းများ
၁၁း၅၀-၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀-၆း၀၀	Miss Earth 2007 ရွေးချယ်ပွဲ(အပိုင်း-၁)
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	၂၀၀၅ခုနှစ်တည်းဖြတ်ထူးချွန်ဆုရ အောင်သွင်နှင့်တွေ့ဆုံခြင်း
၁၂း၄၀-၆း၄၀	Music Gallery (ထာဝရဖြစ်စေ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Arsenal-Newcastle	ESPN(Live)

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	အုပ်စုနောက်ဆုံးပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	Ivory Coast-Mali	Euro Sport(Live)
၉း၃၀	Nigeria-Benin	Euro Sport(Live)

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးကို မိဘများက အလေးထားဆောင်ရွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများလည်း တက်တက်ကြွကြွပါဝင်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပန်းတိုင်ကျောင်းဆောင်သစ်ခန်းမ၌ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၂၇ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင် ပန္နက်တော်တင်မင်္ဂလာအခမ်းအနား၊ ကျားတက်အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ နှင့် ပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် မွန်းလွဲ ၁၂နာရီခွဲတွင် ကျားတက်စံပြကျေးရွာတိုက်နယ်ဆေးရုံ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်တင်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျားတက်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းတိုင်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ကျားတက် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်နှင့် အလှူရှင်များကကျောင်းဆောင်သစ်ကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီးအထိမ်းအမှတ်ကမ္ဗည်းကျောက်စာတိုင်ကို ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းတို့က ကမ္ဗည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းကာ အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပန်းတိုင်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၂၀ ရှိပြီး ၂၀၀၆ ခုနှစ်က ဆောက်လုပ်ခဲ့သော တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ စုစုပေါင်း ကုန်ကျငွေမှာ ၇၉၇၅၄၆၅ ကျပ်ဖြစ်သည်။ ကျားတက်စံပြကျေးရွာ အထက်တန်းကျောင်းတွင် Multi Media Classrooms များကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ ယခုအခါ ကျောင်းသား၊ ကျောင်းသူများ သင်ထောက်ကူပစ္စည်းများဖြင့် သင်ယူလေ့လာနိုင်ကြပြီဖြစ်သည်။

ယင်းနောက် ပန်းတိုင်ကျောင်းဆောင်သစ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ ကျားတက်စံပြကျေးရွာအပါအဝင် ရွှေချမ်းသာ၊ ရွှေကြက်တွန်၊ ဇီးပဏီတောင်၊ လက်ပံအေး၊ ကုန်းကြီး၊ ဇီးပဏီမြောက်၊ ရွာသမင်း၊ တဲကြီး၊ အောင်ပန်း၊ ဇီးချိုင်၊ ရွှေဘုံသာ၊ မြေဇွန်း၊ အေးရွာ၊ လက်ဝဲကန်၊ ကံတွင်း၊ ဆုံတား၊ အိုးဘို၊ ကနီ၊ လင်းစားကျက်၊ တရား၊ ရှမ်းကိုင်တို့မှ ကျေးလက်ပြည်သူလူထု ၁၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင်ရှေးဦးစွာ ကျားတက်စံပြကျေးရွာ ဒေသခံပြည်သူများကိုယ်စား ဦးကျော်တင့်၊ လင်းစားကျက်ကျေးရွာ ဒေသခံပြည်သူများကိုယ်စား ဦးဝင်းကိုတို့က ဒေသအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက အမှာစကားပြောကြားသည်။ ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူငယ်များအား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးသောအသိဉာဏ်ဗဟုသုတနှင့် ပြည့်စုံသော လူငယ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရေး၊ ကျေးရွာများ၌ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးကို မိဘများက အလေးထား ဆောင်ရွက်သွားကြရေး၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်၊ နောက်တိုးလုပ်ငန်းစဉ် (၂)ရပ်နှင့်အညီ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ ပြည်တွင်းပြည်ပ အဖျက်သမားများအနေဖြင့် မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်အောင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲနေမှုကို ပျက်ပြားအောင် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် ယင်းအန္တရာယ်များကို အမျိုးသားရေးစိတ်ဓာတ်အခြေခံ၍ ဝိုင်းဝန်းကာကွယ် တားဆီးသွားကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာစာသင်ကျောင်းများအတွက် ဗလာစာအုပ်များ၊ ကြက်ခြေနီရှေးဦးသူနာပြုဆေးသေတ္တာများနှင့် ကျေးရွာပြည်သူလူထုအတွက် အဝတ်အထည်နှင့် စောင်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ကနီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် နှစ်သိန်းစီနှင့် MRTV-4 နှင့်ဆက်စပ်ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုနိုင်သည့် စက်တစ်စုံစီတို့ကို ပေးအပ်ရာ မြို့နယ်အတွင်းရေးမှူးများက လက်ခံသည်။

ထို့နောက် ကျားတက်စံပြကျေးရွာ ဓာတ်မှန်ဆောင်အတွက် အလှူငွေကျပ် နှစ်သိန်းကိုဆေးရုံအုပ်ကြီးထံပေးအပ်ပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရန်ကုန်မြို့နေ ပန်းတိုင် ဦးသန်းမောင်က ကျောင်းအုပ်ကြီး ဦးဝင်းမောင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်ဆောက်လုပ်ရန်အတွက်အလှူငွေကျပ်၁၀သိန်းနှင့် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ် ငါးသိန်းတို့ကို မန္တလေးမြို့ မနောသုခသစ်သီးပွဲရုံပိုင်ရှင် သုဓမ္မဇောတိကဓဇ ဦးခင်မောင်က ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံသို့လည်းကောင်း၊ အလှူရှင်များက တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်ဆောက်လုပ်ရန်စုပေါင်းလှူဒါန်းငွေကျပ် ခြောက်သိန်းကို ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းတို့ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်နှစ်သိန်းစီ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) က ကြီးမှူး၍ ဦးဘိုဘိုဝေမောင် သုတေသနအင်ဂျင်နီယာ (NTU) က Current Technologies and Standards of Wireless Communication နှင့် Introduction to Mathematical modeling ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂ရက်(စနေနေ့) မွန်းလွဲ ၁နာရီမှ ၃နာရီအထိ လည်းကောင်း၊ {Introduction to Artificial Intelligence} နှင့် What is IT (Information Theory)" ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိလည်းကောင်း ရန်ကုန်မြို့ လှိုင်မြို့နယ်၊ မြန်မာ အင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း ၂၀၅ ၌ ဆွေးနွေးဟောပြောမည်ဖြစ်သည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း၊ အဆောင် (၄)၊ အခန်း (၄)၊ ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြတ်ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်ရေး ဆွမ်းဆန်တော်ပေးလှူနေသော ပရိယတ္တိသာသနာ့နုဂ္ဂဟဆန်လှူအသင်းကြီး

သတင်းနှင့်ဓာတ်ပုံ တင်ဝင်းလေး (ကြည့်မြင်တိုင်)

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ယုံကြည်ကိုးကွယ်သော နိုင်ငံဖြစ်သည်။ ထေရဝါဒတွင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာတော်သုံးရပ်ရှိရာ မြန်မာနိုင်ငံတွင် သာသနာတော်သုံးရပ်လုံး ထွန်းလင်းတောက်ပလျက်ရှိသည်။ ဆရာ ဒကာညီညာစွာလက်တွဲ၍ သာသနာတော်သုံးရပ်၏ အခြေခံဖြစ်သော ပရိယတ္တိသာသနာတော်ကို ထွန်းလင်းအောင် အဘက်ဘက်မှ မိမိနိုင်ရာ စွမ်းအားရှိသမျှ ထမ်းဆောင်နေကြသည်။

ဆွမ်းဆန်တော်ကို ဝါဆိုလပြည့်၊ တန်ဆောင်မုန်းလပြည့်၊ တပေါင်းလပြည့်နေ့တွေမှာ ရေစက်ချလှူဒါန်းပါတယ်။

(ဦးအေး- အကျိုးတော်ဆောင်ချုပ်)

ပရိယတ္တိသာသနာတော် ထွန်းလင်းအောင် ထမ်းဆောင်နေသည့် နှစ်ပေါင်း ၈၂နှစ်တိုင် မဟာတဏ္ဍုလ(ခေါ်) ဆွမ်းဆန်တော်များလှူဒါန်းနေသော ရန်ကုန်အနောက်ပိုင်းခရိုင် အထက်ကြည့်မြင်တိုင်လမ်းမရှိ ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသို့ ကြေးမုံသတင်းအဖွဲ့မှ သွားရောက်ကာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းကုသိုလ်ယူ ဖော်ပြလိုက်ပါသည်။

အသင်းကြီးကို သက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ အသင်းကြီး၏ စည်းကမ်းအရ မဟာရန်ကုန်နယ်နိမိတ်အတွင်းရှိ စာသင်သား သံဃာအပါး ၂၀ထက်မနည်း ရှိကြတော်မူကြပြီး အနည်းဆုံး တစ်နေ့စာဝါ နှစ်ဝါထက် သင်ကြားပို့ချနေတော်မူကြ၍ ရေးစဉ်မပျက် ပါဠိ၊ မြန်မာ နှစ်ဘာသာ သင်ယူပို့ချတော်မူကြပြီးလျှင် ကျောင်းတိုက်ရှိ သံဃာတော်များ ဆွမ်းစားကျောင်း တစ်နေရာတည်းတွင် ရှိတော်မူကြရမည့်အပြင် ပဓာနနာယက ဆရာတော်တစ်ပါးတည်း အုပ်ချုပ်မှုအောက်တွင် ရှိတော်မူကြခြင်းနှင့် ဘုရားဝတ်တက်၊ ဝတ်ကပ် တစ်နေရာတည်းတွင် ရှိတော်မူကြသော စာသင်တိုက်များသို့ လှူဒါန်းနေခြင်းဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့ ရောက်ရှိနေစဉ် မှာပင် အလုံမြို့နယ် ကွင်းကျောင်းစာသင်တိုက်မှ ဦးသောဘိတ အရှင်သူမြတ်က ဒကာ၊ ဒကာမတို့လှူဒါန်းထားသော အာစိဏ္ဏကံ စုဘူးအလှူတော် ငွေကျပ် ၅၀၀၀၀ကို လာရောက်လှူဒါန်းနေစဉ်နှင့် ကြုံကြိုက်ခဲ့ရသည်။ လျှောက်ထားကြည့်ရာ "ပရိယတ္တိသာသနာတော်ကြီးထွန်းကားဖို့က ဆရာနှင့်ဒကာလက်တွဲညီဖို့လိုပါတယ်။ သံဃာတော်တွေဘက်ကလည်း မြတ်စွာဘုရားထားတော်မူခဲ့တဲ့ စာပေကျမ်းဂန်တွေကို သင်ယူကျင့်ကြံပြီး သာသနာတော်စောင့်ရှောက်နေသလို၊ ဒကာတွေကလည်း သံဃာတော်တွေ အပူအပင်မရှိသင်ကြား၊ ကျင့်ကြံအားထုတ်နိုင်ဖို့ ဆွမ်းဆန်တော်အစပစ္စည်းလေးပါးနဲ့ လှူဒါန်းနေတာဖြစ်ပါတယ်။ ဒါကြောင့် အခုလိုဆွမ်းဆန်တော် ထောက်ပံ့လှူဒါန်းနေတဲ့ အသင်းကြီးမှာ လှူဖြစ်ဖို့ ဒကာ၊ ဒကာမတွေကို တိုက်တွန်းပြီး လာလှူတာဖြစ်ပါတယ်" ဟု မိန့်ကြားခဲ့သည်။

အသင်းအမှုဆောင်များကိုယ်တိုင် အာစိဏ္ဏကံစုဘူးများ ပြုလုပ်ကြသည်။

အသင်းကြီးအနေဖြင့် အစတွင် မြို့နယ်၊ ရပ်ကွက်အသီးသီးသို့ ဆွမ်းဆန်တော်တစ်ပြည်ဝင် အိတ်ငယ်များဖြင့် ဝေငှအလှူခံရာမှ နှစ်စဉ် သံဃာတော်များ များပြားလာ၍ ပြည့်စုံ စွာလှူဒါန်းနိုင်ရေးအတွက် အာစိဏ္ဏကံစုဘူးများ ပြောင်းလဲဝေငှ အလှူခံခဲ့ရသည်။ ရန်ကုန်မြို့တွင်သာမက ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း(မြို့နယ်အချို့) တို့ပါ တိုးချဲ့ဝေငှအလှူခံခဲ့ရသည်။

အသင်းကြီးတွင် နှစ်ပေါင်းသုံးဆယ်ကျော် ပါဝင်ဆောင်ရွက်ကုသိုလ်ယူနေသော အသက် ၈၂နှစ်ရှိ အသင်းဥက္ကဋ္ဌအဘ ဦးမောင်မောင်က "အသင်းကြီးကို သြဝါဒါစရိယ ဆရာတော် ၁၁ပါး၊ အကျိုးတော်ဆောင် ဓမ္မကထိက ဆရာတော် ၁၁ပါးတို့ရဲ့ သြဝါဒကို ခံယူပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။ ဆွမ်းဆန်တော် အလှူကို လေးလတစ်ကြိမ်ဖြင့် တစ်နှစ်သုံးကြိမ် ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်ရှိ ဦးမောင်လေး ဒေါ်ကျုပ်တန်ဆောင်းတွင် ရေစက်ချလှူဒါန်းသည်။ ပြီးခဲ့သော တန်ဆောင်မုန်းလပြည့်နေ့က (၂၃၂) ကြိမ်မြောက် အလှူတော်အဖြစ် သံဃာတစ်ပါးလျှင် ဆွမ်းဆန်တော် လေးပြည်နှုန်းဖြင့် ကျောင်းတိုက်ပေါင်း ၂၀၆ ကျောင်း၊ သံဃာတော်ပေါင်း ၂၂၇၇၁ ပါး အတွက် ဆွမ်းဆန်တော်တင်းပေါင်း ၅၄၀၀ကျော်ကို လှူဒါန်းနိုင်ခဲ့သည်။

အသင်းကြီးကို သြဝါဒါစရိယ ဆရာတော် ၁၁ပါး၊ အကျိုးဆောင် ဓမ္မကထိက ၁၁ပါး၏ သြဝါဒကို ခံယူပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

(ဦးမောင်မောင်-အသင်းဥက္ကဋ္ဌ)

နှစ်စဉ် သံဃာတော် အရေအတွက် ကတိုးလာပါတယ်၊ အသင်းကြီးကလည်း နေ့စဉ် အလှူခံဌာနဖွင့်ထားပါတယ်။

(ဦးတိုးလှိုင်-ဘဏ္ဍာရေးမှူး)

အသင်းကြီးတွင် အသက်နှစ်ဆယ်အရွယ်မှ စတင်ပါဝင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အသက် ၇၉နှစ်ရှိ အကျိုးတော်ဆောင်ချုပ် အဘ ဦးအေးက "ဝါဆိုလပြည့်၊ တန်ဆောင်မုန်းလပြည့်၊ တပေါင်းလပြည့်နေ့တွေမှာ ရေစက်ချလှူဒါန်းတာဖြစ်ပြီး လာမယ့်အကြိမ်ကစပြီး တစ်ပါးကို ငါးပြည်နှုန်းလှူဒါန်းဖို့ ရည်ရွယ်ထားပါတယ်" ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

အသင်းကြီးက နယ်နှင့် ရန်ကုန် တရားပွဲများကျင်းပရာ၌လည်းကောင်း၊ ရပ်ကွက်၊မြို့နယ်အလိုက် ဆင်း၍လည်းကောင်း အာစိဏ္ဏကံစုဘူးများ ဝေငှကာ တစ်နှစ်ပြည့်လျှင် ပြန်လည်သိမ်းယူ၍ ဆွမ်းဆန်တော်များကို ဝယ်ယူခြင်းဖြစ်သည်။

ဘဏ္ဍာရေးမှူးဖြစ်သူ ဦးတိုးလှိုင်က "သံဃာတော် အရေအတွက်က နှစ်တိုင်း တိုးလာပါတယ်။ ဒါကြောင့် အာစိဏ္ဏကံစုဘူးက ရတဲ့ငွေအပြင် ငွေပဒေသာပင် ဘဏ်အတိုးအညွန့်က ရတဲ့ ငွေပါပေါင်းပြီး ဆွမ်းဆန်တော်လှူနေရတာဖြစ်ပါတယ်။ အသင်းကြီးမှာလည်း နေ့စဉ်အလှူခံဌာနဖွင့်ထားပါတယ်"ဟု ရှင်းပြခဲ့သည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ယခုကဲ့သို့ တစ်ပိုင်တစ်နိုင် သာသနာ့ဝန်ကိုထမ်းဆောင်နေသော ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်းကြီး၌ ပြည်သူများ ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ရန် ရည်သန်၍ ရေးသား တင်ပြလိုက်ရပါသည်။

မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၇ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၄၄၈ပါး၊ ပထမပြန် စာမေးပွဲတွင် ပထမကျော်အပါအဝင် အထူးအောင်ပုဂ္ဂိုလ် ၁၂ပါး၊ နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၉ပါး၊ အဘိဓမ္မာဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူကိုးဦးတို့အား ဘွဲ့တံဆိပ်များနှင့် အောင်လက်မှတ်များဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၆၉ခုနှစ် တပို့တွဲ လဆန်း ၃ရက် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၉ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများပေးပို့ဆက်ကပ် ပင့်ဆောင်ပြီးဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါက ကြွရောက်တော်မူကြပါရန် သာသနာရေး ဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ(ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ အမှတ်-၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဦးဝင်းမြင့် (အတွင်းရေးမှူး၊ ရန်ကုန်တိုင်း ရွှေကုန်သည်များနှင့် ရွှေလုပ်ငန်းရှင်များအသင်း) မိသားစုက ကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။

(က-ပ)

၁၉၆၉-၁၉၈၁ခုနှစ် အထက(၃)သဃ်္ဃန်းကျွန်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ရက်က ကျင်းပရာ ကျောင်းသားဟောင်း ဦးသိန်းဌေး(ခ)ကိုသက် (ပူဇော်ပွဲကျင်းပရေးအကျိုးတော်ဆောင်)က ဆရာကြီး၊ ဆရာမကြီးများအတွက် ပူဇော်အလှူငွေကျပ် တစ်သိန်းကို ကျင်းပရေးကော်မတီသို့ လှူဒါန်းစဉ်။

(၅၀၆)

ဒီဇင်ဘာ ၁၈ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပျဉ်းမကုန်းကျေးရွာအုပ်စုနှင့် ကွမ်းခြံကုန်းကျေးရွာအုပ်စုတို့၌ တိုက်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ ဦးစီးအရာရှိ ဦးကိုကိုကျော်နှင့် ဦးအုန်းလွင်တို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် ကြပ်မတ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ကုန်သည်စက်မှုအသင်းချုပ် ဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ပြန်ကြားရေးနှင့် သတင်းနည်းပညာမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူး၍ ဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောပွဲ(၅/၀၇-၀၉)ကို ဖေဖော်ဝါရီ ၂ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်(ဘောဂဗေဒ)က "စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုတွင် အများပိုင်ကုမ္ပဏီများနှင့် ငွေကြေးဈေးကွက်များ၏ အရေးကြီးသော အခန်းကဏ္ဍ"ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ (စည်ပင်ပြင်ပ) ကွမ်းခြံကုန်း-သခင်မြပန်းခြံ မော်တော်ယာဉ်လိုင်း(ကားကြီး) ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကွမ်းခြံကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယရဲမှူး တင်မောင်သိန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စစ်မှုထမ်းဟောင်း)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အကောင်းဆုံးနှင့် အဆိုးဆုံးနိုင်ငံ

၂၀၀၆ ခုနှစ် ဇန်နဝါရီလက ပြုလုပ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် သိပ္ပံပညာရှင်များက ကမ္ဘာပေါ်ရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အကောင်းဆုံးနိုင်ငံနှင့် အဆိုးဆုံးနိုင်ငံတို့ကို တင်ပြခဲ့ကြသည်။ အဆိုပါ သိပ္ပံပညာရှင်အဖွဲ့က နိုင်ငံ ၁၃၃ နိုင်ငံတို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအခြေအနေများကို အချက် (၁၆)ချက်ဖြင့် ချိန်ထိုးသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အကောင်းဆုံးနိုင်ငံအဖြစ် နယူးဇီလန်နိုင်ငံ**(အပေါ်ပုံ)**က ၈၈ မှတ်ဖြင့် အသိအမှတ်ပြုခံရသည်။ ထို့အတူ နိုင်ဂျာနိုင်ငံ**(ယာပုံ)**က ၂၅ ဒသမ ၇ မှတ်ဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အဆိုးဆုံးအဖြစ် သတ်မှတ်ခံရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အကောင်းဆုံး(၁၀)နိုင်ငံ

၂၀၀၆ ခုနှစ် စာရင်းများအရ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအကောင်းဆုံး ၁၀ နိုင်ငံမှာ-

၁။	နယူးဇီလန်	၈၈ မှတ်
၂။	ဆွီဒင်	၈၇ ဒသမ ၈ မှတ်
၃။	ဖင်လန်	၈၇ မှတ်
၄။	ချက်	၈၆ မှတ်

၅။	ယူနိုက်တက်ကင်းဒမ်း	၈၅ ဒသမ ၆ မှတ်
၆။	ဩစတြီးယား	၈၅ ဒသမ ၂ မှတ်
၇။	ဒိန်းမတ်	၈၄ ဒသမ ၂ မှတ်
၈။	ကနေဒါ	၈၄ မှတ်
၉။	မလေးရှား	၈၃ ဒသမ ၃ မှတ်
၉။	အိုင်ယာလန်	၈၃ ဒသမ၃ မှတ်

မှုခင်းသတင်းများ

သဃ်န်းကျွန်းမြို့နယ်တွင် ဆင်ဆာမဲ့ဗွီစီဒီများ ငှားရမ်းသူကို အမှုဖွင့် အရေးယူ

ရန်ကုန် ဇန်နဝါရီ ၂၈

သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ပန်းရိပ်(၂)လမ်း အမှတ်(၈၁၉)ရှိ ဗီဒီယို အခွေဆိုင်တွင် ဗွီစီဒီ၊ ဒီဗွီဒီခွေများ ငှားရမ်းရောင်းဝယ်နေကြောင်း သတင်းအရ ဇန်နဝါရီ ၂၆ ရက် ည ၇ နာရီခန့်က သဃ်န်းကျွန်းမြို့နယ် ဗီဒီယိုအခြေခံအစည်းအရုံးမှ အတွင်းရေးမှူး ဦးအောင်ကျော်စိုး၊ ဒေါပုံမြို့နယ် ဗီဒီယိုအခြေခံအစည်းအရုံးမှ တာဝန်ရှိသူများနှင့် သဃ်န်းကျွန်းရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ဆင်ဆာမဲ့ မြန်မာစာတန်းထိုး နိုင်ငံခြားကားမျိုးစုံနှင့် နိုင်ငံခြားဇာတ်လမ်းတွဲမျိုးစုံ စုစုပေါင်း ဗွီစီဒီ၊ ဒီဗွီဒီ ၆၂ ချပ်အား ဆိုင်ဝန်ထမ်း မအေးသွယ် (၂၈)နှစ်က ငှားရမ်းရောင်းဝယ်နေကြောင်း စစ်ဆေးသိရှိရသဖြင့် သဃ်န်းကျွန်းရဲစခန်းက (ပ) သတင်းချက်အမှတ် ၉၆/၂၀၀၈၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပုဒ်မ ၃၂(ခ)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ကြီးတံခွန်မြို့နယ်ရှိ သံရည်ကျိုစက်ရုံတွင် လုံအိုးပေါက်ကွဲသဖြင့် အလုပ်သမားသုံးဦး သေဆုံး

ရန်ကုန် ဇန်နဝါရီ ၂၈

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် မန္တလေးစက်မှုဇုန် ၅၁ × ၅၂ လမ်းကြား ခရေလမ်းရှိ ဦးမြတ်ကျော်ပိုင်သည့် မြတ်ကျော်စက်မှုလက်မှု သံရည်ကျိုစက်ရုံတွင် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက သံရည်ကျိုလုပ်ငန်းသုံး လုံအိုးပေါက်ကွဲမှု ဖြစ်ပွားသည်။

လုံအိုးပေါက်ကွဲမှုကြောင့် စက်ရုံအလုပ်သမား ကိုထွေး (၂၈)နှစ်၊ အောင်ဆန်းမင်း (၂၉)နှစ်နှင့် အောင်ဝင်း (၃၇)နှစ် တို့သုံးဦးမှာ ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့စဉ် သေဆုံးသွားသည်။ ကျန်အလုပ်သမား နှစ်ဦးဖြစ်သည့် နေမျိုး (၂၄)နှစ်နှင့် အောင်သူ (၂၂)နှစ်တို့မှာ ဒဏ်ရာအနည်းငယ်စီရရှိပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်ကြီးတံခွန် ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁/၂၀၀၈ ဖွင့်လှစ်၍ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆိုင်ကယ်ပေါ်မှ ပြုတ်ကျ သေဆုံး

ရန်ကုန် ဇန်နဝါရီ ၂၈

အမျိုးသမီးနှစ်ဦး စီးနင်းလာသော ဆိုင်ကယ်တစ်စီးသည် လှည်းကူးမြို့နယ် စာဖူးတောင်းကျေးရွာ ဧကုန်းလမ်းထိပ်အနီးအရောက်၌ နောက်မှထိုင်လိုက်ပါလာသူ အမျိုးသမီးမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျကာ သေဆုံးသွားသောဖြစ်ရပ် ဇန်နဝါရီ ၂၆ ရက်က ဖြစ်ပွားခဲ့သည်ဟု သိရသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၂၆ ရက် ညနေ ၃ နာရီခွဲခန့်တွင် ဖောင်ကြီး ကျေးရွာနေ မမာလာ (၃၀)နှစ်သည် တိုက်ဂါးစမတ် အမျိုးအစား (၁၂၅) အစိမ်း/အဖြူရောင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ကို ဖောင်ကြီး-လှည်းကူးလမ်း အတိုင်း တောင်မှမြောက်သို့ စီးနင်းလာစဉ် ဧကုန်းလမ်းထိပ်အနီးအရောက်၌ ဆိုင်ကယ်နောက်တွင် ထိုင်စီးလာသူ မလင်းလင်းခိုင် (၂၄)နှစ် အင်းတိုင်ကျေးရွာ နေသူမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျကာ ဝဲ/ယာပါး ပွန်းစုတ်၊ ဝဲနဖူးပေါက်ပြဲ၊ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာများရရှိ၍ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ ကုသစဉ် သေဆုံးသွားသည်။

လှည်းကူးရဲစခန်းက(ပ)၄၆/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က) အရ ယင်းနေ့တွင်ပင် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၃၁)

ထူးခြားသည့် ညအပူချိန်များ

၂၈-၁-၂၀၀၈

ဟားခါး
၂ ဒီဂရီစင်တီဂရိတ်

မင်းတပ်နှင့် ပြင်ဦးလွင်
၅ ဒီဂရီစင်တီဂရိတ်စီ

ကသာ
၆ ဒီဂရီစင်တီဂရိတ်

ထူးထူးခြားခြားဖြစ်ရပ်များ

ပထမဆုံး စက်ရုပ်လက်မောင်းတပ်ဆင်သူ အမျိုးသမီး

စက်ရုပ်လက်မောင်းတပ်ဆင်ရသူ ပထမဆုံးအမျိုးသမီးမှာ အမေရိကန်နိုင်ငံမှ ကလော်ဒီယာမစ်ချဲလ် ဖြစ်သည်။ သူမသည် မော်တော်ဆိုင်ကယ်မတော်တဆမှုဖြစ်ပွားပြီး ဘယ်ဘက်လက်မောင်းရင်းမှ ဖြတ်ခဲ့ရသည်။ စက်ရုပ်လက်မောင်းကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် စတင်တပ်ဆင်ခဲ့ရသည်။ အောက်ပုံတွင် စက်ရုပ်လက်တပ်ဆင်ထားသူ ကလော်ဒီယာမစ်ချဲလ်နှင့် ဘဝတူ စက်ရုပ်လက်နှစ်စုံ တပ်ဆင်ထားရသူ ဂျက်စီဆူလီဗန်တို့ စက်ရုပ်လက်ချင်း နှုတ်ဆက်နေကြပုံ ဖြစ်သည်။

ကိုယ်အပူချိန် အမြင့်ဆုံး လူသား

အမေရိကန်နိုင်ငံသား ဝီလီဂျုံးဆိုသူသည် ခန္ဓာကိုယ်အပူချိန် အမြင့်ဆုံးရောက်ရှိသည့် လူသားအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ ဂျုံးသည် ၁၉၈၀ ပြည့်နှစ် ဇူလိုင် ၁၀ရက်တွင် အပူရှပ်ခံရပြီးနောက် ဆေးရုံသို့ တက်ရောက်ကုသမှု ခံယူခဲ့ရသည်။ ထိုနေ့က ပြင်ပ ရာသီဥတုအပူချိန်မှာ ၃၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ဖြစ်သည်။ ဆေးရုံတွင် ဂျုံး၏ အပူချိန်ကို တိုင်းရာ ၎င်း၏ ခန္ဓာကိုယ်အပူချိန်မှာ ထူးထူးခြားခြား ၄၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၁၁၅ ဒသမ ၇ ဒီဂရီဖာရင်ဟိုက်)အထိ ရောက်ရှိနေသည်ကို တွေ့ရသည်။

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဂန့်ဂေါနှင့် ပခုက္ကူမြို့နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

မကွေးတိုင်း ဂန့်ဂေါမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့်အတူ ဇန်နဝါရီ ၂၁ရက် နံနက် ၇နာရီတွင် ဂန့်ဂေါမြို့ ရဲမာန်ခန်းမ၌ ဂန့်ဂေါတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံကြီးတွင် ခုတင်(၁၀၀)ဆံ့ သံကူကွန်ကရစ် နှစ်ထပ် တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်ခန်းသစ် တည်ဆောက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူနေသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ခုတင်(၁၀၀)ဆံ့ သံကူကွန်ကရစ် နှစ်ထပ် တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်ခန်းသစ် တည်ဆောက်ခြင်း လုပ်ငန်းမှာ ရာခိုင်နှုန်း၃၀ ပြီးစီးနေပြီ ဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ မြစ်သာ မြစ်ကူးကြိုးတံတားသို့ ရောက်ရှိကြပြီးတံတားတည်ဆောက်ထားမှုအခြေအနေများ၊မြစ်ကမ်းဘေး (ဝဲ/ယာ)တွင် စိုက်ပျိုးထားသည့်သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဂန့်ဂေါခရိုင်သည် မကွေးတိုင်း၏ အားထားရသော ခရိုင်တစ်ခုဖြစ်ကြောင်း၊ စားသုံးဆီအပြင် စက်သုံးဆီပါ ဖူလုံစေရန် ဇီဝဒီဇယ်အစားထိုး ခြစ်စည်းရိုးကြက်ဆူစိုက်ပျိုးမှုမှာ လျာထားချက်ပြည့်မီပြီးဖြစ်သော်လည်း ထပ်မံတိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ဒေသအေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားသည်။

ဂန့်ဂေါခရိုင်တွင် မိုးစပါး ၁၀၄၇၃၅ဧက၊ နွေစပါး ၇၉၃၄ဧက၊ ခြစ်စည်းရိုးကြက်ဆူ ၁၇၀၅၅ဧက စိုက်ပျိုးပြီးဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပုလဲ– **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

သတင်းဆောင်းပါးအညွှန်း

မြတ်ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်ရေး ဆွမ်းဆန်တော် ပေးလှူနေသော ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်းကြီး

(၂၃၂)ကြိမ်မြောက် အလှူတော်အဖြစ် သံဃာတစ်ပါးလျှင် ဆွမ်းဆန်တော် လေးပြည်နှုန်းဖြင့် ကျောင်းတိုက်ပေါင်း၂၀၆ကျောင်း၊ သံဃာတော်ပေါင်း ၂၂၇၇၁ပါးအတွက် ဆွမ်းဆန်တော်တင်းပေါင်း ၅၄၀၀ကျော်ကို လှူဒါန်းနိုင်ခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)၏သတင်းဆောင်းပါး (စာမျက်နှာ–၁၀)

ယနေ့ သတင်းအညွှန်း

ကင်ညာအဓိကရုဏ်း ၂၇ဦးသေဆုံး၊ အမေရိကန်စီးပွားရေးဆိုးရွားစွာ နှေးကွေးနိုင် စာမျက်နှာ–၄

အမေရိကန်အကြိုအခြေခံရွေးပွဲ ရှမ်းနေးနှင့် မက်ကိန်း အပြိုင်ကြိုးပမ်းနေ၊ အီဂျစ်နှင့် ဂါဇာနယ်စပ်ပိတ်ရန် ကြိုးစား စာမျက်နှာ–၅

မှုခင်းသတင်းများနှင့် နိုင်ငံတကာထူးထူးခြားခြားဖြစ်ရပ်များ စာမျက်နှာ–၁၁

ဆီးချိုရောဂါသည်များတွင် ကော်ဖီနှင့်ဖျော်ရည်များ သောက်သုံးပါက ကဖိန်းဓာတ်ပါဝင်သဖြင့် သွေးတွင်းသကြားဓာတ်များ မြင့်တက်လာနိုင်သည်။

အင်တာနက်ဆေးသိပ္ပံသတင်း

ကော်ဖီနှင့် ဖျော်ရည်များတွင်ပါဝင်သည့် ကဖိန်းဓာတ် ဆီးချိုရောဂါ အခြေအနေကို ပို၍ ဆိုးရွားစေနိုင်ဟုဆို

လန်ဒန် ဇန်နဝါရီ ၂၈

ကော်ဖီတွင် ကဖိန်းဓာတ်ပါဝင်မှုသည် ကော်ဖီတံဆိပ်အမျိုးအစားကိုလိုက်၍ ကွာခြားမှုရှိနိုင်သည်။ ကော်ဖီ၊ လက်ဖက်ရည်နှင့် အခြားဖျော်ရည်များတွင် ပါဝင်သော ကဖိန်းဓာတ်များ ခန္ဓာကိုယ်အတွင်းရောက်ရှိသွားပါက အမှတ်–၂ အမျိုးအစားဆီးချိုဝေဒနာသည်များ၏သွေးတွင်း သကြားဓာတ်ပါဝင်မှုကို မြင့်တက်လာစေနိုင်သည်ဟု ဆိုသည်။

သို့ဖြစ်၍ ထိုရောဂါသည်များ၏အစားအစာတွင် ကဖိန်းဓာတ်ပါဝင်မှုကိုလျှော့ချနိုင်ပါက ဝေဒနာသည်များ၏သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်နိုင်စရာရှိကြောင်း ဗြိတိန်မှသုတေသီတစ်စုက ယူဆထားကြသည်။

သုတေသီများသည် လူ ၁၀ဦးကို ကဖိန်းဓာတ်သုံးစွဲစေ၍ ၇၂နာရီကြာလေ့လာစူးစမ်းရာမှ ဖော်ပြပါအချက်များကို တွေ့ရှိခြင်းဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❍

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား